# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့၊ (8-12-2015) (၈၄၀၈)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်နှင့်စပ်လျဉ်း၍ ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၇**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမမြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က သဘောတူညီသည့်**"နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း"**၊ **"သက်သေခံအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့် **"ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"**တို့ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူ၍ မှတ်တမ်းတင်ကြောင်းနှင့် ပြည်သူ့လွှတ်တော်နှင့်

**စာမျက်နှာ ၇ ကော်လံ ၁ သို့●**

# တန်ဖိုးနည်းအိမ်ရာများ အကောင်အထည်ဖော်ရာတွင် မြေနေရာခက်ခဲမှုများရှိနေ

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံလူတန်းစားပြည်သူများအတွက် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်မည့်မြေနေရာအခက်အခဲရှိနေ၍ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် လက်တွေ့အကောင်အထည်မဖော်နိုင်ဖြစ်နေရကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း(MCEA)မှ သိရသည်။

မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း(MCEA)၏ ဒုတိယဥက္ကဋ္ဌ ဦးကျော်ပိုင်က "ရန်ကုန်တိုင်းဒေသကြီးမှာ အခြေခံပြည်သူတွေ အမှန်တကယ်တိုက်ခန်းအိမ်ရာ ကိုယ်ပိုင်ဘဝနဲ့နေနိုင်ဖို့ တန်ဖိုးနည်းအိမ်ရာဖော်ဆောင်ဖို့ဆိုတာက ဆောက်လုပ်ပေးမယ့် ကျွန်တော်တို့ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေအနေနဲ့ စီမံကိန်းမြေနေရာအခက်အခဲရှိနေပါတယ်။ ဒါကိုအစိုးရအဖွဲ့အနေနဲ့လည်း သင့်တင့်တဲ့ မြေတန်ဖိုးဖြတ်ပြီး မပေးနိုင်သေးပါဘူး။ တစ်ဆင့်ဝယ်ပြီး ဆောက်လုပ်ရမယ်ဆိုရင် မြေတန်ဖိုးဈေးကအလွန်ကြီးပြီး တန်ဖိုးနည်းဖြစ်ဖို့မလွယ်ကူပါဘူး။ မြေနေရာက သင့်တင့်တဲ့တန်ဖိုးနဲ့ရလို့ ဆောက်လုပ်ပြီးအခန်းတွေကို အခြေခံပြည်သူတွေရဲ့လက်ထဲကို တိုက်ခန်းသော့အပ်နှံမယ်ဆိုရင် သူတို့မှာ အလုပ်ရှိဖို့လိုတယ်။ ပြီးတော့ ပုံမှန်ဝင်ငွေရှိဖို့လိုတယ်။ ဝင်ငွေမရှိ၊ အလုပ်မရှိတဲ့ အခြေခံပြည်သူတစ်ယောက်အတွက် အိမ်ရာ

**စာမျက်နှာ ၈ ကော်လံ ၁ သို့●**



ကြည့်မြင်တိုင်တစ်ဖက်ကမ်း၌ တည်ဆောက်လျက်ရှိသည့် အဆောက်အအုံတစ်လုံးလျှင် ရှစ်လွှာပါဝင်သောတန်ဖိုးနည်းအိမ်ရာစီမံကိန်းပုံစံကို တွေ့ရစဉ်။

" လာဘ်ပေးလာဘ်ယူမှုဟုဆိုရာတွင် စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ဆောင်ရာ၌ မရိုးမသားလုပ်ဆောင်ရန်၊ တရားမဝင်လုပ်ဆောင်ရန် သို့မဟုတ် စည်းချိုးဖောက်ရန် မက်လုံးပေးသည့်အနေဖြင့် ငွေ၊ တံစိုးလက်ဆောင် သို့မဟုတ် အခြားအခွင့်အရေးများ ပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းဟု ယေဘုယျအားဖြင့် မှတ်ယူနိုင်သည် "

ဆောင်းပါး စာမျက်နှာ - ၆

## ထူးခြားသည့် ညအပူချိန်

ပင်လောင်း
၆ ဒီဂရီစင်တီဂရိတ်
ဟားခါး
၆ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်
၇ ဒီဂရီစင်တီဂရိတ်




ကြေးမုံစာတည်းရှုထောင့် — ၈-၁၂-၂၀၁၅၊ အင်္ဂါနေ့

# ရာသီဥတုပြောင်းလဲမှုသတိပြု

၂၀၁၅ ခုနှစ်တွင် အယ်လ်နီညိုဖြစ်စဉ်ရာသီဥတု ဖြစ်ပွားမည်ဟုခန့်မှန်းထားသည်။ ယခု ၂၀၁၅ ခုနှစ် ကုန်ဆုံးတော့မည်ဖြစ်ပြီး မြန်မာနိုင်ငံအဖို့ အယ်လ်နီညိုဖြစ်စဉ်ကို နဖူးတွေ့ဒူးတွေ့မခံစားရသေးသော်လည်း ရာသီဥတုပြောင်းလဲခြင်း၏ သဘာဝဘေးဒဏ်များကို ခံစားနေရသည်။

လက်ရှိတွင် ဘင်္ဂလားပင်လယ်အော်မှ လေဖွေးစီးကြောင်းများနှင့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ဝင်ရောက်နေသော လေအေးစီးကြောင်းတို့ ပေါင်းဆုံမှုကြောင့် မြန်မာနိုင်ငံအချို့ဒေသများတွင် မိုးရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့သည်ဟုသိရသည်။ အကျိုးဆက်အားဖြင့် ဆောင်းသီးနှံစိုက်ပျိုးထားမှုများကို သတိပြုရမည်ဖြစ်သည်။

ယင်းအခြေအနေမှာ အခိုက်အတန့်သာဖြစ်သော်လည်း ခန့်မှန်းထားသည့် အယ်လ်နီညိုဖြစ်စဉ်ဖြစ်ပွားပါက စိုက်ပျိုးရေးလုပ်ငန်းများ ကြီးမားစွာ ထိခိုက်နိုင်ပါသည်။ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကို မခံစားရသေးသော်လည်း ပညာရှင်များက ဖြစ်ပွားနိုင်သည်ဟု သေချာပေါက်ပြောဆိုထားသောကြောင့် ထိခိုက်ခံစားရနိုင်သည်များကို နိုင်ငံအများကြိုတင်ပြင်ဆင်လာကြသည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ပူပြင်းခြောက်သွေ့မှုဒဏ်ကို ၈၀ ရာခိုင်နှုန်း ခံစားရနိုင်သည်ဟု ကြိုတင်သတိပေးထားပြီး ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီယားနိုင်ငံမှ လယ်သမားများ မိုးရွာသွန်းခြင်းမရှိသောကြောင့် လယ်ယာများကိုစွန့်ခွာသွားကြရမည်ဟု မိုးလေဝသဗေဒင်ဟောကြားထားသည်။ ထိုဟောကြားမှုတွင် မြန်မာနိုင်ငံမပါဝင်သဖြင့် ကံကောင်းနိုင်သည်ဟု ယူဆရသည်။

အယ်လ်နီညိုဖြစ်စဉ်ဆိုသည်မှာ မိုးခေါင်ပြီး ပူပြင်းခြောက်သွေ့သည့် ရာသီဥတုနှင့် အချိန်ကာလကြာမြင့်စွာကြုံတွေ့ရခြင်းဖြစ်သည်။ အနောက်ဘက်မှ အရှေ့ဘက်သို့ တဖြည်းဖြည်းရွေ့လျားလာသော ရေပူစီးကြောင်းများသည် ဒီဇင်ဘာလသို့ရောက်သောအခါ တောင်အမေရိကတိုက်၏ အနောက်ဘက် ကမ်းခြေရှိ အီကွေဒေါနှင့် ပီရူးနိုင်ငံများသို့ရောက်ရှိလာကာ ဒေသခံတံငါသည်များက အဆိုပါရေပူစီးကြောင်းကို အယ်လ်နီညိုဟု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ယနေ့အချိန်အထိ မြန်မာနိုင်ငံအဖို့ အယ်လ်နီညိုနှင့်ပတ်သက်ပြီး ရေရေရာရာမသိရှိကြသေးချေ။ ရာသီဥတုအတွက် ပြင်ဆင်ထားခြင်းလည်းမရှိချေ။ မြန်မာတို့ဓလေ့အတိုင်း နောင်ခါလာနောင်ခါချေးဖြစ်လာမှ ရင်ဆိုင်ဖို့အသင့်ပြင်ထားဟန်တူသည်။ အယ်လ်နီညိုရာသီဥတုကြုံတွေ့ရမှုအပေါ် ကမ္ဘာ့ဘဏ်က ကြံ့ကြံ့ခံနိုင်အောင်လုပ်ဆောင်ရာတွင် လိုအပ်သောအကူအညီများကို ပေးသွားမည်ဟုဆိုထားသည်။

သဘာဝဘေးဆိုသည်မှာ မဖြစ်ခင်ကတည်းက ကြိုတင်ပြင်ဆင်ထားသင့်သည်။ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အယ်လ်နီညိုနှင့် ပတ်သက်ပြီး ကဏ္ဍအလိုက်ပြင်ဆင်ထားသင့်သည်များကို အသိပညာပေးထားသင့်သည်။ မြန်မာနိုင်ငံတွင် အသိပညာပေးမှုနှင့် အသိပညာရှိမှု အလွန်အားနည်းလှသည်။ ကြုံလာမှသာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပြင်ဆင်ကြသည်။

မိုးခေါင်ရေရှားမှုဖြစ်စဉ်နှင့်ကြုံတွေ့လာပါက လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူများအတွက် ယခုကာလကတည်းက စိုက်ပျိုးရေသုံးစွဲနည်း၊ သိုလှောင်နည်းများ အသိပညာပေးသင့်သည်။ ဒေသဆိုင်ရာတာဝန်ရှိသူများက မည်သို့ပံ့ပိုးပေးမည်၊ ပါဝင်ဆောင်ရွက်ကြမည်၊ မည်သို့စီစဉ်မည် စသည့်အစီအမံများကို ကြိုတင်စီစဉ် ထားသင့်သည်။

အယ်လ်နီညိုရာသီဥတုဖြစ်ပွားလာလျှင် ဘေးလွတ်ရာသို့ရှောင်ပုန်းစရာမလိုချေ။ မိုးခေါင်မှုကြာရှည်သောကြောင့် အဓိကမှာ သောက်သုံးရေ၊ စိုက်ပျိုးရေမပြတ်အောင် သက်ဆိုင်ရာများနှင့်ဒေသခံများပူးပေါင်းကာ ယခုကြိုတင်အသိပညာပေးခြင်း၊ ထို့နောက် ရေအစီအမံများကို ဆောင်ရွက်ခြင်းများပြုလုပ်သွားသင့်ပါသည်။ ။

# အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး မော်တာအပ်ချုပ်စက်သင်တန်းဖွင့်



**ဘားအံ ဒီဇင်ဘာ ၇**

ကျေးလက်ဒေသနေတိုင်းရင်းသားလူငယ်များအလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် မော်တာအပ်ချုပ်စက်သင်တန်း(၃/၂၀၁၅)ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၇ ရက် နံနက် ၈ နာရီက ကရင်ပြည်နယ် ဘားအံမြို့စက်မှုလက်မှုသင်တန်းကျောင်း၌ ကျင်းပရာ ကရင်ပြည်နယ် ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန် တက်ရောက်အမှာစကားပြောကြားပြီး ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယခုဖွင့်လှစ်သည့်သင်တန်းကို ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာမှ သင်တန်းသူ ၃၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၅ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်သည်။ အဆိုပါသင်တန်းကို အမျိုးသမီးအိမ်တွင်းမှုသင်တန်းဆင်း လက်ရှိအထည်ချုပ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး အတွေ့အကြုံရင့် သင်တန်းဆရာမနှစ်ဦးက စက်ဖြင့်လေ့ကျင့်ခြင်း၊ အခြေခံစက်ချုပ်ရိုးများလေ့ကျင့်ခြင်း၊ ပေကြိုး ပေတံအခေါ်အဝေါ်ဖြင့် ကိုယ်တိုင်းနည်းများ သင်ကြားပေးခြင်း၊ ရှပ်အင်္ကျီ၊ ဘောင်းဘီ၊ ကလေးဝတ်ဂါဝန်၊ မိန်းမဝတ် လက်ပြတ် အင်္ကျီချုပ်နည်းများကို မော်တာအပ်ချုပ်စက် ၃၅ လုံးဖြင့် သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဆိုပါ မော်တာအပ်ချုပ်စက်သင်တန်းသည် တတိယအကြိမ်မြောက်ဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး ကျေးလက်ဒေသများမှ သင်တန်းသူ ၆၈ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## နိုင်ငံတော်အစိုးရမတည်ငွေဖြင့် ဆောက်လုပ်လျက်ရှိသော လမ်း/တံတားများ ကြည့်ရှုစစ်ဆေး

**ဖရူဆို ဒီဇင်ဘာ ၇**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဖရူဆိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုငွေဖြင့် စိမ်းရွှေဝါကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတားများအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းကုမ္ပဏီမှ ရာဇပရား-ယိုစပရား-ခရိုးခူလမ်းပေါ်ရှိ သစ်သားတံတား ရှစ်ပေ ခြောက်စင်းနှင့် ၁၂ ပေ တစ်စင်း ခွင့်ပြုငွေကျပ် ၃၅ ဒသမ ၉ သန်းကို လည်းကောင်း၊ ဟိုယာ-ရော်တခေါ် မြေသားလမ်း မိုင်(၅/၃ ဒသမ ၄၉) မိုင် ခွင့်ပြုငွေကျပ် ၇၇ ဒသမ ၈ သန်းအား ဒီဇင်ဘာ ၆ ရက်တွင် မြို့နယ်ဦးစီးမှူး ဦးဒေးဖဲနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဦးကျော်(ဖရူဆို)**



**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်(ရွှေဈေး) ၇၄၈၅၀၀ - ၇၄၈၅၀၀၊ မန္တလေး(ရွှေဈေး) ၇၄၈၅၀၀ - ၇၄၈၅၀၀

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၇၀/၆၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၅၀/၇၇၀ ကျပ်၊ | ၈၄၀/၉၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၅၀/၆၇၅ ကျပ်၊ | ၇၂၀/၇၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၆၈ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၆၀ ကျပ်

**၃၀-၁၁-၂၀၁၅ ရက်နေ့မှ ၄-၁၂-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၆၄ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၅၃၇ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၀၇. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၂. ၃၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၁၈၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇. ၄၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၄၁၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၅၁. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁. ၀၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၄၉. ၈၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၅. ၉၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှုစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

# One Stop Shops (OSS) ရုံးများ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ သတင်းထုတ်ပြန်ကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**One Stop Shops (OSS) ရုံးများ ထူထောင်ဖွင့်လှစ်**
**အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ**
**သတင်းထုတ်ပြန်ကြေညာချက်**
**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)**
**(၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်)**

၁။ နိုင်ငံတော်အစိုးရသည် ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသော အစိုးရဖြစ်ပေါ်စေရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် (၄)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကိုတားမြစ်၍ ထိရောက်သော ဝန်ဆောင်မှုအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာများအပေါ် အားကိုးယုံကြည်မှုတိုးပွားလာစေရန်နှင့် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ ဦးစီးဌာနအလိုက် အပြန်အလှန်ထိန်းကျောင်းမှုများ ပြုနိုင်ရေးအတွက် ရည်ရွယ်၍ **"ပြည်သူ့အတွက် OSS"** ဟူသောဆောင်ပုဒ်နှင့်အညီ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shops) များကို OSS ရုံးများထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီမှ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လမှစ၍ ခရိုင်ရုံးစိုက်ရာမြို့နယ်များတွင် ပြည်သူ့ဝန်ဆောင်မှုရုံးတစ်ရုံးစီဖြင့် စုစုပေါင်း (၇၂)ရုံးကို ရှေ့ပြေးစီမံချက်အနေဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ One Stop Shops (OSS) ရုံးများ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀-၅-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၉၅၉/၂၅၂-ကော်မတီ/အဖရ(၂၀၁၅) ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား ကော်မတီ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်အား ကော်မတီအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်အား ကော်မတီ တွဲဖက်အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူး (၁၃) ဦးပါဝင်ပြီး စုစုပေါင်း (၁၆) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၃။ ထို့အပြင် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော် (OSS) ရုံးများ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေးဆပ်ကော်မတီကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၁၁-၈-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၁၅၀၈/၂၅၃ ကော်မတီ/အဖရ(၂၀၁၅)ဖြင့်ခွင့်ပြုပြီးဖြစ်၍ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်များတွင် ဆပ်ကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

၄။ UNDP ၏ ဒေသန္တရအုပ်ချုပ်မှုနှင့် ပြည်သူ့ရေးရာအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကုန်ကျစရိတ် ကျခံမှုဖြင့် OSS ရုံးများ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ တွဲဖက်အတွင်းရေးမှူး ခေါင်းဆောင်သော အစိုးရဌာနဆိုင်ရာ အဆင့်မြင့်အရာရှိများ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့အား မွန်ဂိုလီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများသို့ လေ့လာရေးခရီးစဉ်စေလွှတ်ခြင်း၊ ပြည်သူ့ဝန်ဆောင်မှုရုံးတွင် ကြီးကြပ်ဆောင်ရွက်သူ (Monitor) များအဖြစ် တာဝန်ပေးဆောင်ရွက်မည့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ဦးစီးအရာရှိ (၇၂)ဦးအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ပါသည်။

**ပြည်သူ့ဝန်ဆောင်မှုရုံးများတွင် ဖွင့်လှစ်ထားသည့် တပ်ဖွဲ့/ဦးစီးဌာနများ**

၅။ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်များရှိ ပြည်သူ့ဝန်ဆောင်မှုရုံးများ၌ တာဝန်ထမ်းဆောင်၍ ဝန်ဆောင်မှုပြုသည့် တပ်ဖွဲ့/ဦးစီးဌာနများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့
(ဂ) မီးသတ်တပ်ဖွဲ့
(ဃ) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန
(င) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
(စ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
(ဆ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(ဇ) သစ်တောဦးစီးဌာန
(ဈ) ပြည်သူ့ကျန်းမာရေးဦးစီးဌာန
(ည) ပြည်တွင်းအခွန်များဦးစီးဌာန
(ဋ) လူမှုဝန်ထမ်းဦးစီးဌာန
(ဌ) စည်ပင်သာယာရေးအဖွဲ့
(ဍ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး
(ဎ) ငါးလုပ်ငန်းဦးစီးဌာန
(ဏ) အလုပ်သမားဦးစီးဌာန

**ပြည်သူ့ဝန်ဆောင်မှုရုံးများမှ ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများ**

၆။ ပြည်သူ့ဝန်ဆောင်မှုရုံးများ၌ အဓိကအားဖြင့် စားသောက်ဆိုင်၊ ပုဂ္ဂလိကအိမ်ဆိုင်လုပ်ငန်းလိုင်စင်များ၊ ယစ်မျိုးလိုင်စင်ချထားခြင်းနှင့် အခွန်လေးမျိုးကောက်ခံခြင်း၊ မြေစာရင်း ပုံစံ(၁၀၅) ရေးကူးခွင့်ကိစ္စများ၊ မြေငှားဂရန် လျှောက်ထားခြင်းကိစ္စရပ်များ၊ ဘိလိယက်ခုံလိုင်စင် ထုတ်ပေးခြင်း၊ ပျော်ပွဲရွှင်ပွဲအတွက် ပွဲမိန့်လျှောက်ထားခြင်းကိစ္စရပ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားခြင်းကိစ္စရပ်များ၊ အိမ်ထောင်စုလူဦးရေ ပြောင်းဝင်/ထွက်ကိစ္စနှင့် မွေးဖွားမှု၊ သေဆုံးမှုမှတ်ပုံတင်ရေးကိစ္စရပ်များ၊ ပထမ သတင်းပေးတိုင်ကြားချက်များ၊ မီးဘေးလုံခြုံရေးကိစ္စရပ်များ၊ စည်ပင်နှင့် ပတ်သက်သော ရေ၊ မီး၊မိလ္လာသန့်ရှင်းရေးကိစ္စရပ်များ၊ သစ်တောနှင့် သက်ဆိုင်သော ကိစ္စရပ်များ၊ လူမှုဖူလုံရေး၊ အလုပ်သမား၊ အလုပ်အကိုင်ကိစ္စရပ်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၇။ ပြည်သူ့ဝန်ဆောင်မှုရုံးသို့ လာရောက်ဝန်ဆောင်မှုရယူသည့် ဒေသခံပြည်သူများကို OSS ရုံးမှ ချက်ချင်းဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များအား ချက်ချင်းဆောင်ရွက်ပေးခြင်း၊ ချက်ချင်းဝန်ဆောင်မှုမပေးနိုင်သောကိစ္စရပ်များအား သွားရောက်ဆက်သွယ်ဆောင်ရွက်ရမည့်ဌာနသို့ လမ်းညွှန်ပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ပြည်သူများ၏ အကြံပြုချက်၊ တိုင်တန်းချက်များအတွက် Complain Center များ ထည့်သွင်းထားရှိပြီး အကြံပြုချက်၊ တိုင်တန်းချက်များကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်း၍ အရေးယူဆောင်ရွက် ပေးလျက်ရှိပါသည်။

**ပြည်သူ့ဝန်ဆောင်မှုရုံးများဖွင့်လှစ်နိုင်မှုအခြေအနေ**

၈။ OSS ရုံးများ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအနေဖြင့် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ရေးအတွက် ခရိုင်ရုံးစိုက်ရာမြို့နယ် (၇၂) မြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)များကို (၇-၇-၂၀၁၅) ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့ပါသည်။ ထပ်မံ၍ ကျန်မြို့နယ်များ၌လည်း ဆက်လက်ဖွင့်လှစ်လျက်ရှိရာ (၂-၁၂-၂၀၁၅)ရက်နေ့အထိ ဖွင့်လှစ်ပြီးစီးမှုအခြေအနေမှာ အောက်ပါအတိုင်း (၂၆၇)ရုံး ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | နေပြည်တော်ကောင်စီ | (၅) | ရုံး |
| (ခ) | ကချင်ပြည်နယ် | (၁၁) | ရုံး |
| (ဂ) | ကယားပြည်နယ် | (၇) | ရုံး |
| (ဃ) | ကရင်ပြည်နယ် | (၇) | ရုံး |
| (င) | ချင်းပြည်နယ် | (၉) | ရုံး |
| (စ) | စစ်ကိုင်းတိုင်းဒေသကြီး | (၃၄) | ရုံး |
| (ဆ) | တနင်္သာရီတိုင်းဒေသကြီး | (၁၀) | ရုံး |
| (ဇ) | ပဲခူးတိုင်းဒေသကြီး | (၂၇) | ရုံး |
| (ဈ) | မကွေးတိုင်းဒေသကြီး | (၂၅) | ရုံး |
| (ည) | မန္တလေးတိုင်းဒေသကြီး | (၂၃) | ရုံး |
| (ဋ) | မွန်ပြည်နယ် | (၁၀) | ရုံး |
| (ဌ) | ရခိုင်ပြည်နယ် | (၁၇) | ရုံး |
| (ဍ) | ရန်ကုန်တိုင်းဒေသကြီး | (၃၂) | ရုံး |
| (ဎ) | ရှမ်းပြည်နယ် | (၂၉) | ရုံး |
| (ဏ) | ဧရာဝတီတိုင်းဒေသကြီး | (၂၁) | ရုံး |
| | စုစုပေါင်း | (၂၆၇) | ရုံး |

၉။ ပြည်သူ့ဝန်ဆောင်မှုရုံးများ (OSS) ဖွင့်လှစ်ရန် ကျန်ရှိသော မြို့နယ်များတွင် အမြန်ဖွင့်လှစ်နိုင်ရေးအတွက် OSS ရုံးများ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအနေဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ၏ အကြံပြုချက်များကိုလည်း အလေးထားဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၁၀။ ပြည်သူ့ဝန်ဆောင်မှုရုံးများ (OSS) ဖွင့်လှစ်နိုင်ခြင်းကြောင့် ပြည်သူများအနေဖြင့် မိမိတို့ရယူလိုသော ဝန်ဆောင်မှုကိစ္စရပ်များကို ဌာနဆိုင်ရာအသီးသီးတို့တွင် အချိန်ကုန်ခံ/ငွေကုန်ခံ၍ သွားရောက်ဆောင်ရွက်ရန်မလိုတော့ဘဲ OSS ရုံး တစ်ခုတည်း(တစ်နေရာတည်း)တွင် အချိန်ကုန်၊ ငွေကုန်သက်သာစွာ ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်းနှင့် ဝန်ထုပ်ဝန်ပိုးများကို လျှော့ချ၍ ပွင့်လင်းမြင်သာစွာဖြင့် ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**One Stop Shops (OSS) ရုံးများ**
**ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ**

# မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ အလုပ်အမှုဆောင်ကော်မတီသစ် ပြန်လည်ဖွဲ့စည်းမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး (ဗဟို) မှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး၏ သဘင်ပညာရှင်များအစည်းအရုံး အလုပ်အမှုဆောင်ကော်မတီသစ်များ ပြန်လည်ဖွဲ့စည်းမည့် သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ရှိ သဘင်အစည်းအရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်အမှုဆောင်သစ်ရွေးချယ်ပွဲကို ဒီဇင်ဘာ ၁၇ ရက်မှစတင်ကာ အဖွဲ့သုံးဖွဲ့ခွဲ၍ ရန်ကုန်မြို့ ၂၈ မြို့နယ်တွင် ဒီဇင်ဘာ ၂၅ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။ အဖွဲ့ (၁)တွင် ဦးစိန်စတင်း၊ ဦးနန်းဝင်း၊ ဦးဖိုးချစ်၊ ဦးစိန်မြအောင်၊ မြန်မာပြည်ကျောက်စိမ်းနှင့် ဒေါ်အေးအေးမော်တို့ ဦးဆောင်၍ တောင်ဒဂုံ၊ တောင်ဥက္ကလာ၊ ခရမ်း၊ သုံးခွ၊ မြောက်ဥက္ကလာ၊ ရန်ကင်း၊ တိုက်ကြီး၊ မှော်ဘီ၊ ရွှေပြည်သာမြို့နယ်များတွင်လည်းကောင်း၊ အဖွဲ့(၂)တွင် ဦးရဲဒွေး၊ ဦးသိန်းဇော်၊ ဦးနေဝင်း၊ ဦးဖိုးသကြန်နှင့် ဦးဇော်ဝင်းတို့က မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ဒေါပုံ၊ ပုဇွန်တောင်၊ လှိုင်သာယာ၊ အရှေ့ဒဂုံ၊ ဒဂုံဆိပ်ကမ်းမြို့နယ်များတွင်လည်းကောင်း၊ အဖွဲ့ (၃)တွင် ဦးစိန်ဘမော်၊ ဦးအောင်တင်ဝင်းနှင့် ဦးမိုးဝင်း၊ ဒေါ်ပတ္တမြားကေခိုင်နှင့် ဒေါ်နန်းခင်မွှေးတို့က ကျောက်တန်း၊ သန်လျင်၊ သာကေတ၊ သဃ်ၤန်းကျွန်း၊ မရမ်းကုန်း၊ လှိုင်၊ အင်းစိန်၊ လှည်းကူး၊ တွံတေး၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ လသာမြို့နယ်များတွင်လည်းကောင်း သွားရောက်ရွေးချယ်ဖွဲ့စည်းပေးသွားမည်ဟု အဆိုပါအစည်းအဝေးမှ သိရသည်။

ထို့ပြင် အစည်းအရုံးဖွဲ့စည်းခြင်း မပြုရသေးသော တခြားမြို့နယ်များတွင်လည်း ပြန်လည်ဖွဲ့စည်းပေးမည့် အစီအစဉ်ကိုလည်း အသေးစိတ် ထပ်မံထုတ်ပြန်သွားမည်ဖြစ်သည်။ သဘင်အစည်းအရုံးအနေဖြင့် အဆိုပါရွေးချယ်တင်မြှောက်ခြင်းလုပ်ငန်းများ ပြီးဆုံးပါက သဘင်အစည်းအရုံး၏ မူပိုင်သီချင်း ပေါ်ပေါက်လာရေးအတွက် ပြိုင်ပွဲပြုလုပ်သွားမည်ဟု သိရသည်။ ထို့ပြင် မြန်မာနိုင်ငံသဘင်အနုပညာဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် လှူဒါန်းလိုသူများသည် အစည်းအရုံးနှင့် ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။



အဆိုပါအစည်းအဝေးသို့ သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်၊ အတွင်းရေးမှူး ဦးမိုးဝင်းနှင့် သဘင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာမီဒီယာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## ယနေ့ မိုးလေဝသ

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

### နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

# ဆိုမာလီယာနိုင်ငံတွင် လူပေါင်း ၁၄၅၂၀၀ ခန့် ရေကြီးမှုဒဏ်ခံနေရ

**မိုဂါဒစ်ရှူး ဒီဇင်ဘာ ၇**

အောက်တိုဘာလအတွင်း မိုးရွာသွန်းမှုများကြောင့် ဆိုမာလီယာနိုင်ငံတွင် ရေကြီးရေလျှံမှုများဖြစ်ပွားကာ အနည်းဆုံး လူပေါင်း ၁၄၅၂၀၀ ခန့် ရေကြီးရေလျှံမှုများ၏ နောက်ဆက်တွဲဆိုးကျိုးများနှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး အေဂျင်စီက ပြောကြားခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OCHA)၏ထုတ်ပြန်သော မှတ်တမ်းအရ ဆိုမာလီယာနိုင်ငံအတွင်းရှိ ဂျူဘာနှင့် ရှာဘီလီဒေသများအပါအဝင် အီသီယိုးပီးယားကုန်းမြင့်ဒေသတို့တွင် ယခင်ရက်သတ္တပတ်အတွင်း မိုးရွာသွန်းမှုများနှင့် နှိုင်းယှဉ်လျှင် လျော့နည်းခဲ့သော်လည်း ရှာဘီလီဒေသ၏ အလယ်ပိုင်းနှင့်အောက်ပိုင်းတို့တွင် ပုံမှန်မိုးရွာသွန်းမှုများ ရှိခဲ့ကြောင်း သိရသည်။

ဒေသအများအပြားတွင် မိုးရွာသွန်းမှုအခြေအနေ ပုံမှန်အနေအထားသို့ပြန်လည်ရောက်ရှိခဲ့သော်လည်း အနည်းဆုံး လူပေါင်း ၁၄၅၂၀၀ ခန့် ရေဘေးဒုက္ခ ကြုံနေရကြောင်း OCHA ၏ ထုတ်ပြန်ချက်အရ သိရသည်။ ရေကြီးရေလျှံမှုများဖြစ်ပွားနေသော အချို့နေရာများတွင် ဝမ်းရောဂါနှင့်ငှက်ဖျားရောဂါများ ဖြစ်ပွားလျက်ရှိသည်။

ရေကြီးမှုများကြောင့် မြို့များရှိ လမ်းများပျက်စီးနေသော်လည်း ကယ်ဆယ်ရေးအဖွဲ့များနှင့် ဆေးဝါးထောက်ပံ့မှုများ အချိန်မီရောက်ရှိရန် ကြိုးပမ်းလျက်ရှိကြောင်း OCHA ကဆိုသည်။

**ဆင်ဟွာ။**



# အိုင်အက်စ်အဖွဲ့အား ထောက်ခံသည့် ဝက်ဘ်ဆိုက်ဖွင့်ထားသူများကို အီရန်၌ဖမ်းဆီး

**အန်ကာရာ ဒီဇင်ဘာ ၇**

အီရန်နိုင်ငံမှ ကွန်ပျူတာကွန်ရက်လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များသည် အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)ကို အားပေးထောက်ခံနေသည့် အင်တာနက်ဝက်ဘ်ဆိုက်များဖွင့်ထားသူ ၅၃ ဦးအား ဖမ်းဆီးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံ အနောက်ပိုင်းရှိ ပြည်နယ်တစ်ခုဖြစ်ပြီး အီရတ်နယ်စပ်ဒေသနှင့်နီးကပ်စွာတည်ရှိနေသော ပြည်နယ်လည်းဖြစ်သည့် ကာမန်ရှားပြည်နယ်ရှိ သဘောထားတင်းမာသောဆွန်နီမွတ်စလင်အုပ်စုအတွက် တိုက်ခိုက်ရေးသမားများအား စုဆောင်းပေးနေသော ကလာပ်စည်းတစ်ခုကို ရဲတပ်ဖွဲ့က ဖြိုခွင်းခဲ့သည်။ အီရန်နိုင်ငံသည် ရှီးယိုက်မွတ်စလင် လွှမ်းမိုးသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။

အဆိုပါပြည်နယ်သည် ဆွန်နီကာ့ဒ်မျိုးနွယ်လူဦးရေအများစု နေထိုင်ရာဒေသဖြစ်ပြီး အစိုးရအဖွဲ့ကို ဆန့်ကျင်သည့်အုပ်စု အခြေပြုရာနယ်မြေဖြစ်လာခဲ့သည်။

အီရန် ကွန်ပျူတာကွန်ရက်လုံခြုံရေး ရဲတပ်ဖွဲ့အရာရှိချုပ် ကာမဲလ်ဟာဒီ၏ ပြောကြားချက်အရ အိုင်အက်စ်အဖွဲ့အတွက် အင်အားစုဆောင်းနေသူများသည် နယ်စပ်ဒေသနှင့် နီးကပ်စွာတည်ရှိနေသော ပြည်နယ်များမှဖြစ်ကြသည်ဟု သိရသည်။

အီရန်၏ အိမ်နီးချင်း အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့ရှိ နယ်မြေများကို အိုင်အက်စ်အဖွဲ့က သိမ်းပိုက်ခဲ့သည်။ **ရိုက်တာ။**

# ကမ္ဘောဒီးယားတွင် အဆိပ်သင့်ခွေးသား စားမိမှုကြောင့် သုံးဦးသေ၊ ၃၁ ဦးဆေးရုံရောက်

**ဖနွမ်းပင် ဒီဇင်ဘာ ၇**

ကမ္ဘောဒီးယားနိုင်ငံ အရှေ့ပိုင်း ကရာတီးပြည်နယ်တွင် အဆိပ်သင့်နေသော ခွေးကြီးတစ်ကောင်ကို ချက်ပြုတ်စားသောက်မိမှုကြောင့် အနည်းဆုံး ရွာသားသုံးဦးသေဆုံးပြီး ၃၁ ဦး ဆေးရုံသို့တင်ပို့ခဲ့ရကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့အကြီးအကဲက ဒီဇင်ဘာ ၇ ရက်တွင် အတည်ပြုပြောကြားသည်။

“အဘိုးကြီး တစ်ဦးရယ်၊ သူ့ချွေးမရယ်၊ နောက်ပြီး အိမ်နီးချင်းအမျိုးသမီး တစ်ဦးရယ်ဟာ အဆိပ်မိထားတဲ့ ခွေးသားကိုစားမိပြီး သိပ်မကြာခင်မှာပဲ သေဆုံးသွားခဲ့ကြပါတယ်”ဟု အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိနေသည့် ရဲတပ်ဖွဲ့အကြီးအကဲ ကောင်ကီမင်က ဆင်ဟွာသတင်းဌာနသို့ပြောကြားသည်။ သန့်ရှင်းလတ်ဆတ်မှုမရှိသည့် အဆိုပါ ခွေးသားကို ချက်ပြုတ်စားသောက်ရန်အတွက် သေဆုံးသွားခဲ့သည့် အဘိုးကြီးက ဈေးမှဝယ်လာခဲ့ခြင်း ဖြစ်သည်ဟု ရဲအရာရှိက ဆက်လက်ပြောကြားသည်။

ဆေးရုံတင်ထားရသည့် ရွာသား ၃၁ ဦးမှာ သေဆုံးသူ သုံးဦး၏ အသုဘအခမ်းအနားသို့ရောက်ရှိလာကာ လက်ကျန်ခွေးသားများကို စားသုံးပြီးနောက် ဖျားနာမှုများဖြစ်ပွားလာခဲ့သည်ဟု ရဲအရာရှိက ပြောကြားသည်။

“သေဆုံးသွားတဲ့ လူသုံးယောက်ဟာ အဆိပ်သင့်နေတဲ့ ခွေးသားစားမိလို့ သေသွားရတယ်ဆိုတာကို သူတို့တွေက မသိကြဘူး။ ဒါကြောင့် သူတို့လည်း ခွေးသားတွေစားမိပြီး နောက်ပိုင်းမှာ ဖျားနာကုန်ကြတာပေါ့”ဟု ရဲအရာရှိက ဆိုသည်။

ဆေးရုံတင်ထားသူများသည် ကိုယ်လက်မအီမသာဖြစ်ခြင်း၊ မူးဝေအော့အန်ခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်းရောဂါဝေဒနာများခံစားကြရပြီး ၎င်းတို့အနက်တစ်ဦးမှာအခြေအနေဆိုးရွားကာစိုးရိမ်ရသည်ဟု ရဲအရာရှိက ပြောကြားသည်။ အဆိပ်သင့်ခွေးသားနမူနာများကို အသေးစိတ်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် ဒေသဆိုင်ရာ အစားအစာသန့်ရှင်းလတ်ဆတ်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဌာနသို့ ပေးပို့ထားသည်ဟု သိရသည်။ **ဆင်ဟွာ။**

# လစ်ဗျား၌ ပြိုင်ဘက် ဥပဒေပြုအမတ်များ ငြိမ်းချမ်းရေးဆိုင်ရာ အခြေခံမှုများကို လက်ခံကြပြီ

**ထရီပိုလီ ဒီဇင်ဘာ ၇**

လစ်ဗျားနိုင်ငံ၌ စင်ပြိုင် ထူထောင်ထားသော ပါလီမန်နှစ်ခုမှ ဥပဒေပြုအမတ်များသည် ပြည်တွင်းစစ် အဆုံးသတ်စေရန် ရည်ရွယ်သည့် ငြိမ်းချမ်းရေး သဘောတူညီချက်အတွက် အခြေခံမှုများကို လက်ခံလိုက်ကြပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

လစ်ဗျားပါလီမန်နှင့် ယင်း၏ ပြိုင်ဘက် အမျိုးသားအထွေထွေညီလာခံအမည်ရှိ အဖွဲ့အစည်းနှစ်ရပ်မှ ကိုယ်စားလှယ်များသည် ပြည်တွင်းစစ်အဆုံးသတ်ရေး သဘောတူညီချက်ရေးဆွဲနိုင်ရန် အခြေခံမှုများကို လက်ခံကြပြီဖြစ်သည်။

စင်ပြိုင် အမတ်များသည် ငြိမ်းချမ်းရေး သဘောတူညီချက်အတွက် အဆိုပြုချက်များနှင့် ပတ်သက်၍ သဘောတူလက်ခံကြသော်လည်း ၎င်းတို့၏ အစီအစဉ်သည် ကုလသမဂ္ဂက ကမကထပြု ကျင်းပပေးသော ငြိမ်းချမ်းရေး ဆွေးနွေးပွဲနှင့် သက်ဆိုင်ခြင်းမရှိပေ။ လစ်ဗျားနိုင်ငံ၌ စင်ပြိုင်အစိုးရနှစ်ဖွဲ့နှင့် စင်ပြိုင်ပါလီမန်နှစ်ခုတို့အကြား သဘောတူညီမှု ရယူကာ ညီညွတ်သော အစိုးရအဖွဲ့တစ်ဖွဲ့ ထူထောင်နိုင်ရန် ကုလသမဂ္ဂက ကမကထပြု၍ ဆွေးနွေးပွဲများ ပြုလုပ်ပေးခဲ့သည်။

လစ်ဗျားခေါင်းဆောင် မွမ်မာ ကဒါဖီရာထူးမှ ဖယ်ရှားခံခဲ့ရပြီးနောက် လေးနှစ်ကြာမြင့်သည်အထိ နိုင်ငံရေး မတည်မငြိမ် ဖြစ်မှုများနှင့် သဘောကွဲလွဲမှုများ ဖြစ်ပေါ်နေဆဲဖြစ်သည်။

**ရိုက်တာ။**

❖❖❖



# လျှပ်စစ်ကား ထုတ်လုပ်ရောင်းချမှုအရ ကမ္ဘာ့အကြီးဆုံးဈေးကွက် တရုတ်နိုင်ငံဖြစ်လာဖွယ်ရှိ



**ပေကျင်း ဒီဇင်ဘာ ၇**

တရုတ်နိုင်ငံသည် ယခုနှစ်တွင် လျှပ်စစ်ကား ထုတ်လုပ်ရောင်းချမှုအရ ကမ္ဘာ့အကြီးဆုံးဈေးကွက်ဖြစ်လာမည်ဟု ခန့်မှန်းရကြောင်း တရုတ်မော်တော်ယာဉ်ထုတ်လုပ်သူများအသင်း၏ ပြောကြားချက်ကို ကိုးကား၍ နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ကမ္ဘာ့တစ်ဝန်း လျှပ်စစ်ကား ရောင်းချမှုသည် ယခုနှစ်တွင် စီးရေ ၆၀၀၀၀၀ အထိ ရောက်ရှိလာမည်ဟု မျှော်လင့်ရကြောင်း တရုတ်မော်တော်ယာဉ် ထုတ်လုပ်သူများအသင်း၏ ဒုတိယ အထွေထွေအတွင်းရေးမှူး ကျူယန်းဟွာက မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ ညီလာခံတွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်၌ လျှပ်စစ်ကား ဈေးကွက်အကြီးဆုံး တည်ရှိရာနိုင်ငံအဖြစ် ယခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ နေရာကို အစားထိုးလိမ့်မည်ဟု ခန့်မှန်းရကြောင်း၊ အမေရိကန်ဈေးကွက်၌ တစ်နှစ်လျှင် လျှပ်စစ်ကား စီးရေ ၁၈၀၀၀၀ ခန့် ရောင်းချရကြောင်း ကျူက ပြောကြားသည်။

တရုတ်နိုင်ငံ၏ လျှပ်စစ်ကားထုတ်လုပ်ရေး လုပ်ငန်းသည် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ သို့ရာတွင် လျှပ်စစ်ကား ဈေးကွက်ကို စဉ်ဆက်မပြတ် ထိန်းထားနိုင်ရန် အရေအတွက်ထက် အရည်အသွေးကို ဦးစားပေးရလိမ့်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ကားများကို ဘေးကင်းလုံခြုံစွာ သုံးစွဲနိုင်ရေး၊ ဘက်ထရီများ၏ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် အလေးပေးသင့်ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံ၌ အစိုးရအဖွဲ့၏ မူဝါဒသစ်အရ လျှပ်စစ်ကား ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာရကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ။**

❂❂❂

# အနာဂတ်နိုင်ငံတော်၏ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းအရ အလျင်အမြန် အဖြေရှာဆောင်ရွက်သွားကြရန် အရပ်ဘက်လူ့အဖွဲ့အစည်းငြိမ်းချမ်းရေးဖိုရမ်(CSFoP)က အဆိုပြု

**နေပြည်တော် ဒီဇင်ဘာ ၇**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် လက်ရှိအစိုးရသက်တမ်းအတွင်း နိုင်ငံတော်မှ တာဝန်ရှိသူများနှင့် အလျင်အမြန်တွေ့ဆုံ၍ အနာဂတ်နိုင်ငံတော်၏ ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းအရ အဖြေရှာဆောင်ရွက်သွားကြရန် အရပ်ဘက်လူ့အဖွဲ့အစည်း ငြိမ်းချမ်းရေးဖိုရမ်(CSFoP)က နိုဝင်ဘာ ၂၈ ရက်တွင် ကြေညာချက်တစ်ရပ်ထုတ်ပြန်အဆိုပြုခဲ့ကြောင်း သိရသည်။

အဆိုပါကြေညာချက်တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရှစ်ဖွဲ့တို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး စာချုပ်ပါသဘောတူညီချက်များအတိုင်း နိုင်ငံရေးဆွေးနွေးပွဲသို့ ဦးတည်၍ ကြိုးပမ်းနေသည်ကို အသိအမှတ်ပြုကြောင်း၊ သို့သော်လည်း လက်ရှိအခြေအနေတွင် လက်မှတ်ရေးထိုးထားခြင်း မရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ ဒေသအချို့၌ တိုက်ပွဲများ ဖြစ်ပွားနေခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုကို ထိခိုက်နိုင်ကြောင်း၊ ထို့ကြောင့် နှစ်ဖက်တိုက်ခိုက်ခြင်းများအား ရပ်တန့်ပေးရန်နှင့် ငြိမ်းချမ်းရေးကို တွေ့ဆုံဆွေးနွေးမှု နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာဆောင်ရွက်သွားကြရန်အဆိုပြုကြောင်း ဖော်ပြထားသည်။

အရပ်ဘက်လူ့အဖွဲ့အစည်းငြိမ်းချမ်းရေးဖိုရမ်(CSFoP)ကို ၂၀၁၂ ခုနှစ် ဩဂုတ်လမှ စတင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်ကို ထိရောက်စွာ အထောက်အကူပြုနိုင်ရန်အတွက် လူထုအခြေပြု အဖွဲ့အစည်းများဦးဆောင်သည့် ဆွေးနွေးပွဲများပေါ်ပေါက်လာရေး၊ ပြည်သူတို့၏ လုံခြုံရေးအပါအဝင် လိုအပ်ချက်များကို ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် အရေးယူထည့်သွင်းဆုံးဖြတ်ပေးနိုင်ရေး ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပထမဆုံး မြန်မာဘာသာစကားအသုံးပြုသတင်းစာ တရုတ်နိုင်ငံ စတင်ထုတ်ဝေ

**ပေကျင်း ဒီဇင်ဘာ ၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် တရုတ်နိုင်ငံ၌ အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာပြည်သူများအား ဝန်ဆောင်မှုပေးရန်အတွက် တရုတ်နိုင်ငံတောင်ပိုင်း ယူနန်ပြည်နယ်တွင် ပထမဆုံးသော မြန်မာဘာသာစကား အသုံးပြုသတင်းစာတစ်စောင်ကို စတင်ထုတ်ဝေလိုက်ပြီဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများအကြား ရင်းနှီးသောဆက်ဆံရေးကို ရည်ရွယ်သည့် ပေါက်ဖော်အမည်ရှိ အဆိုပါသတင်းစာကို မြန်မာနိုင်ငံနယ်စပ် Dehong Dai and Jingpo ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရှိ Tuanjie သတင်းစာက ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

အဆိုပါစီရင်စုတွင် မြန်မာပြည်သူ ၅၀၀၀၀ ကျော် အလုပ်လုပ်ကိုင်လျက်ရှိပြီး ပေါက်ဖော်အမည်ရှိ အပတ်စဉ်သတင်းစာကို တရုတ်နိုင်ငံ၌ အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာပြည်သူများ အခမဲ့ဖတ်ရှုနိုင်မည်ဖြစ်ကာ ယင်းသတင်းစာကို ဒီဇင်ဘာ ၄ ရက်က ပထမဆုံးအကြိမ်အဖြစ် ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း တရုတ်နေ့စဉ်က သတင်းဖော်ပြသည်။ **(ငွေကြယ်)**





ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံကင်းထောက်ကြီး ဦးနန္ဒကျော်စွာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၏ ရွှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၏ ရွှေ့လုပ်ငန်းစဉ်များညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံ ကင်းထောက်သမိုင်းကြောင်းကို ပြန်ပြောင်းဆွေးနွေးပြီး မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် ပညာရေးဝန်ကြီးဌာနက အဓိက တာဝန်ယူ စည်းရုံးလှုပ်ရှားမှုအရ ကင်းထောက်လုပ်ငန်းစဉ်များ ပြန်လည်သက်ဝင်ရှင်သန်လာခြင်းအတွက် ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း၊ မိမိတို့ ကင်းထောက်ကြီးများအနေဖြင့်လည်း မိမိတို့စွမ်းဆောင်နိုင်သည့် အခန်းကဏ္ဍမှ ပါဝင်ပူးပေါင်း ကူညီဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၆ ခုနှစ်တွင် ကျရောက်မည့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ နှစ်(၁၀၀)ပြည့် အခမ်းအနား ကျင်းပရန် ဤညှိနှိုင်းအစည်းအဝေးက ရည်ရွယ်ကြိုးပမ်းမှုသည် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည်ဝင်ရောက်ရန် ကြိုးပမ်းနေသည့်ကာလတွင် ကြီးမားသော အထောက်အပံ့ဖြစ်ပါ၍ အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံကင်းထောက်ကြီး ဦးနန္ဒကျော်စွာက ဒီဇင်ဘာ ၆ ရက်တွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၏ ရွှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဦးတင်ညိုက မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်တစ်နိုင်ငံအဖြစ် အဆိုပြု ဝင်ရောက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းဆောင်တာအဝဝကို အာဆီယံကင်းထောက်အဖွဲ့ချုပ်နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ် တာဝန်ရှိသူများသည် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ် ကိုယ်စားလှယ်များနှင့်အတူ မြန်မာနိုင်ငံသို့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် လာရောက်ကြမည်ဖြစ်ပြီး နှစ်ပေါင်း ၅၀ ကျော် ကင်းထောက်လှုပ်ရှားမှုများ ရပ်တန့်ခဲ့သည့်အတွက် ရှားပါးနေသည့် နည်းပြဆရာများ ပြန်လည်ပြုစုပျိုးထောင်လေ့ကျင့်ပေးမည့် အခြေခံနှင့် အဆင့်မြင့်သင်တန်းများကို စဉ်ဆက်မပြတ်ပို့ချပေးရန် စီစဉ်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဆွေးနွေးပွဲ ဒုတိယပိုင်းတွင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့အနေဖြင့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း အချိန်မီပြီးစီးဆောင်ရွက်ရမည့် ကင်းထောက်လုပ်ငန်း လမ်းပြမြေပုံပါ လုပ်ငန်းစဉ်များကို ဥက္ကဋ္ဌ ဒေါက်တာဦးတင်ညိုက ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသော ကင်းထောက်ကြီးများက အကြံပြုဆွေးနွေးကြကာ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်(WOSM)နှင့် အာရှပစိဖိတ်ကင်းထောက်အဖွဲ့ချုပ် (APRS) တို့က ကြီးမှူးသည့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် National Strategic Planning Workshop နှင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်တွင် ဆက်လက်ဖွင့်လှစ်မည့် Youth Programme Workshop တို့ကို နိုင်ငံတကာအဆင့် သင်တန်းများအဖြစ် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းများသို့ တက်ရောက်ရန် ကင်းထောက်လုပ်ငန်းများ စိတ်ပါဝင်စားသည့် မျိုးဆက်သစ်လူငယ်မောင်မယ်များ အနေဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် အထက (၁) လမ်းမတော် စွမ်းအားခန်းမ၌ ကျင်းပမည့် အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးအကြံပြုနိုင်ကြောင်း မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ရုံးမှ နှိုးဆော်ထားသည်။

**ကိုလတ်(သတင်းစဉ်)**

# ခန့်မှန်းချက်တွေကောင်းမွန်မှ ကြိုတင်သတိပေးချက်စနစ်ကောင်းမွန်ပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုတွေပိုမိုဆောင်ရွက်နိုင်မည်

**နေပြည်တော် ဒီဇင်ဘာ ၇**

နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက် အာရှဒေသသဘာဝဘေးကြိုတင်ကာကွယ်ရေးဗဟိုဌာနတို့ ပူးပေါင်းကျင်းပသည့် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ လုပ်ငန်းများနှင့် မြေငလျင်စောင့်ကြည့်လေ့လာရေး လုပ်ငန်းများအား အထောက်အကူပြုနိုင်ရေး အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး မစ္စအန်းအိုလီစတက်၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦး၊အာရှဒေသ သဘာဝဘေးကြိုတင်ကာကွယ်ရေးဗဟိုဌာန ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး အာရှဒေသသဘာဝဘေးကြိုတင် ကာကွယ်ရေးဗဟိုဌာန ညွှန်ကြားရေးမှူးက အစည်းအဝေး ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် အာရှဒေသ သဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာန၏ နည်းပညာအကူအညီဖြင့် ၂၀၁၂ မှ ၂၀၁၅ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်နေသည့် လုပ်ငန်းများအတွက် လူသားအရင်းအမြစ်နှင့် နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာစေရေးစီမံကိန်း၏ ဒုတိယအဆင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုများနှင့် စီမံကိန်း တတိယအဆင့်အဖြစ် ၂၀၁၇ ခုနှစ် ဒီဇင်ဘာအထိ ဆက်လက်ဆောင်ရွက်မည့်မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ လုပ်ငန်းများနှင့် မြေငလျင်စောင့်ကြည့်လေ့လာရေးလုပ်ငန်းများအတွက် အထောက်အကူပြုနိုင်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

"မိုးလေဝသနှင့် ဇလဗေဒလုပ်ငန်းတွေနဲ့ မြေငလျင်စောင့်ကြည့်လေ့လာရေးလုပ်ငန်းတွေ ပိုမိုတိုးတက်ကောင်းမွန်အောင်၊ မိုးလေဝသနဲ့ ဇလဗေဒခန့်မှန်းချက်တွေနဲ့ သတိပေးချက်တွေ ပိုမိုကောင်းမွန်အောင် အထောက်အပံ့ပေးတဲ့ စီမံချက်တွေရှိပါတယ်။ အဲဒီစီမံချက်က ၂၀၁၂ ခုနှစ်ကနေ ၂၀၁၇ ခုနှစ် ဒီဇင်ဘာအထိဖြစ်ပါတယ်။ အခုကျင်းပတဲ့ အစည်းအဝေးကတော့ ၂၀၁၂ ကနေ ၂၀၁၅ အောက်တိုဘာအထိ ဆောင်ရွက်ခဲ့တဲ့ မိုးလေဝသ၊ ဇလဗေဒနဲ့ မြေငလျင်ဆိုင်ရာ လုပ်ငန်းတွေမှာ သူတို့ရဲ့အထောက်အပံ့တွေ ဘယ်လောက်ထိရောက်တယ်။ သက်ဆိုင်ရာဌာနအနေနဲ့ ဘယ်လောက်အထိ အသုံးချနိုင်တယ်။ လာမယ့်စီမံကိန်းအတွက် ဘယ်လိုဆောင်ရွက်မယ်၊ စောင့်ကြည့်ရေးလုပ်ငန်းတွေ ပိုမိုတိုးတက်ကောင်းမွန်အောင် ဘာတွေဆက်လက်ထောက်ပံ့ဖို့လိုတယ်ဆိုတာတွေကို ညှိနှိုင်းဆွေးနွေးကြမှာပါ။

"အာရှဒေသ သဘာဝဘေးကြိုတင်ကာကွယ်ရေးဗဟိုဌာနနဲ့ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေတာကြာပါပြီ။ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာတဲ့ပျက်စီးဆုံးရှုံးမှုတွေ လျော့ပါးအောင်ဆောင်ရွက်တဲ့အခါ မိုးလေဝသခန့်မှန်းရေးလုပ်ငန်းတွေ၊ ကြိုတင်သတိပေးချက် လုပ်ငန်းတွေဟာ အများကြီးအရေးပါတယ်ဆိုတာ သိကြပါတယ်။ ဒါကြောင့် အာရှဒေသသဘာဝဘေးကြိုတင်ကာကွယ်ရေးဗဟိုဌာနက မြန်မာနိုင်ငံရဲ့ မိုးလေဝသနဲ့ဇလဗေဒလုပ်ငန်းတွေ တိုးတက်အောင်လုပ်မယ်ဆိုတဲ့ မူဝါဒအတိုင်း ပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်ပါတယ်။ ခေတ်မီနည်းပညာပိုင်းဆိုင်ရာတွေ ထောက်ပံ့ပေးတယ်၊ ဌာနမှာလည်း သင်တန်းတွေဖွင့်လှစ်သင်ကြားပေးတယ်။ ကျွန်တော်တို့ဌာနက ဝန်ထမ်းတွေကလည်း နော်ဝေနိုင်ငံမှာ သင်တန်းတွေတက်ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံအနေနဲ့ ခေတ်မီနည်းပညာတွေ ရမယ်။ မိုးလေဝသခန့်မှန်းရေးလုပ်ငန်းတွေ ပိုမိုကောင်းမွန်လာမယ်။ ဒါကြောင့် ပိုမိုကောင်းမွန်တဲ့ ကြိုတင်သတိပေးချက် စနစ်တွေ ထုတ်ပြန်နိုင်လာမှာဖြစ်ပါတယ်။ ခန့်မှန်းချက်တွေကောင်းမွန်မှ ကြိုတင်သတိပေးချက်စနစ်တွေ ကောင်းမွန်မှာဖြစ်ပြီး ကြိုတင်သတိပေးချက်တွေကောင်းမွန်မှ သဘာဝဘေးအန္တရာယ်တွေကို ကြိုတင်ကာကွယ်မှုတွေပိုမိုဆောင်ရွက်နိုင်မယ်။ သဘာဝဘေးဆိုတာကို တားဆီးလို့မရပေမယ့် ကြိုတင်ကာကွယ်မှုတွေ ပိုမိုကောင်းမွန်မှ သဘာဝဘေး ပျက်စီးဆုံးရှုံးမှုတွေနည်းပါးမှာဖြစ်ပါတယ်" ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှထွန်းက ပြောကြားသည်။

**(သတင်းစဉ်)**

# အဂတိသံသရာ

**မေနိုင်း**

**အဂတိလိုက်စားမှုဘာကြောင့်ဖြစ်ရလဲ-**

တာဝန်ပေးထားခြင်းခံရသူတစ်ဦးက ၎င်း၏ ပုဂ္ဂလိကအကျိုးအလို့ငှာ အာဏာကို အလွဲသုံးစားပြုခြင်းကို အဂတိလိုက်စားမှု (Corruption) ဟု ဆိုနိုင်ပြီး အများဆုံးဖြစ်ပေါ်နိုင်သည့် အဂတိလိုက်စားမှု (Bribery) ပုံစံမှာ လာဘ်ပေးလာဘ်ယူခြင်းပင်ဖြစ်သည်။ လာဘ်ပေးလာဘ်ယူမှုဟု ဆိုရာတွင် စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ဆောင်ရာ၌ မရိုးမသားလုပ်ဆောင်ရန်၊ တရားမဝင်လုပ်ဆောင်ရန် သို့မဟုတ် စည်းချိုးဖောက်ရန် မက်လုံးပေးသည့် အနေဖြင့် ငွေ၊ တံစိုးလက်ဆောင် သို့မဟုတ် အခြားအခွင့်အရေးများပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းဟု ယေဘုယျအားဖြင့် မှတ်ယူနိုင်သည်။

**အဂတိလိုက်စားခြင်းဆိုသည်မှာ**

နိုင်ငံတကာမှ အဓိပ္ပာယ်ဖွင့်ဆိုချက်များတွင်မူ အဂတိလိုက်စားမှုကို အတန်းအစားနှစ်မျိုး သတ်မှတ်ထားပြီး အနိမ့်စားအဂတိ (Low-level Corruption) နှင့် အထက်တန်းစားအဂတိ (Grand Corruption) တို့ဖြစ်သည်။ အနိမ့်စားအဂတိ (Low-level Corruption) ဆိုသည်မှာ အရပ်စကား "လက်ဖက်ရည်ဖိုး"ပေးခြင်းကို ဆိုလိုခြင်းဖြစ်ပြီး အထက်တန်းစား အဂတိ (Grand Corruption) ဆိုသည်မှာ နိုင်ငံရေးသမားများ၊ အာဏာရှိပုဂ္ဂိုလ်များသို့ ပမာဏမြောက်မြားစွာပေးခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ယင်းနှင့်စပ်ဆက်၍စီမံခန့်ခွဲရေးလုပ်ငန်းများဆိုင်ရာအဂတိ (Administrative Corruption)၊ အာဏာပိုင်လူတန်းစား ဆွေမျိုးကောင်းစားရေး (Bureaucratic Nepotism)၊ ကိုယ်ကျိုးစီးပွားရေးအလို့ငှာ အာဏာသုံး၍ ဆောင်ရွက်ခြင်း (State Capture)၊ နိုင်ငံ၏ စွမ်းအင်အရင်းအမြစ်များကို စီမံခန့်ခွဲရာတွင် အာဏာသုံး၍ ကိုယ်ကျိုးအလို့ငှာ ဆောင်ရွက်ခြင်း (Prebendal Predation and Kleptocracy) ဟူ၍ ခွဲခြားသတ်မှတ်ထားကြောင်း ကမ္ဘာ့ဘဏ် (World Bank)အဖွဲ့အစည်းမှ အဓိပ္ပာယ်ဖွင့်ဆိုထားလေသည်။

အဂတိလိုက်စားမှုဘယ်လိုနိုင်ငံတွေမှာဖြစ်နိုင်ပါသလဲဟုဆိုပါလျှင် ဖွံ့ဖြိုးပြီးနိုင်ငံမှာလည်း ရှိသည်၊ ဖွံ့ဖြိုးဆဲနိုင်ငံမှာလည်းရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံမှာတော့ ပိုမိုသည့်နှုန်းထားများဖြင့် ဖြစ်ပွားလျက်ရှိနေသည်။

**မြန်မာနှင့် အဂတိလိုက်စားမှု အခြေအနေ မည်သို့ရှိနေသနည်း**

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ၂၀ ရက်တွင် ကုလသမဂ္ဂဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး သဘောတူညီမှုစာချုပ်အား အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ ၁၉၄၈ ခုနှစ်က ပြဋ္ဌာန်းခဲ့သော အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် ရုပ်သိမ်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအသစ်ကို ပြဋ္ဌာန်းနိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင်လည်း အစိုးရပြုပြင်ပြောင်းလဲခြင်းကို အဆင့်ပိုမိုခိုင်မာလာစေရန်အတွက် United Nations Convention Against Corruption(UNCAC) အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မတီကို ဖွဲ့စည်းခဲ့သည်။ ၂၀၁၄ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ဥပဒေအမှတ်၊ ၃၂ ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖြစ် အမည်ပြောင်းလဲဆောင်ရွက်လျက်ရှိသည်။

လာဘ်ပေးလာဘ်ယူမှုနှင့် ပတ်သက်သည့် တိုင်စာများကို ကော်မရှင်မှ တိုက်ရိုက်စစ်ဆေး တရားစွဲအရေးယူခြင်းနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်လည်းကောင်း၊ ဌာနဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် ကော်မရှင်အနေဖြင့် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာန ၃၀ နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတည်ရှိရာ မြို့ကြီးများရှိ ဝန်ထမ်းအဖွဲ့အစည်းများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောမှုများ ပြုလုပ်နိုင်ခဲ့ခြင်းတို့ကြောင့် ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများ အထိုက်အလျောက် အောင်မြင်မှုရှိသည်ဟု သုံးသပ်ရရှိကြောင်း နိုဝင်ဘာ ၂၃ ရက်တွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းက ပြောကြားခဲ့သည်။

လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကုလသမဂ္ဂဆိုင်ရာ United Nations Office on Drugs and Crime (UNODC) အဖွဲ့တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲကို နေပြည်တော်၌ ကျင်းပခဲ့သည်။

အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းဆိုင်ရာ သဘောတူစာချုပ်သည် အဖွဲ့ဝင်အဆင့်နိုင်ငံများတွင် လက်တွေ့အကောင်အထည်ဖော်မှုအပေါ် မူတည်သည်။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရာတွင် အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အခန်းကဏ္ဍများအနေဖြင့်လည်း ပါဝင်ဆောင်ရွက်ရန် လိုအပ်သည်။

ကမ္ဘာ့နိုင်ငံများ၏ အဂတိလိုက်စားမှုများအား စောင့်ကြည့် အကဲဖြတ်လျက်ရှိသည့် Non-Government Organization အဖွဲ့ဖြစ်သော နိုင်ငံတကာပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့ (Transparency International)မှ ဒီဇင်ဘာ ၃ ရက်တွင် ထုတ်ပြန်ခဲ့သည့် အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် အညွှန်းကိန်း(Corruption Perception Index-CPI 2014) အရ ကမ္ဘာ့နိုင်ငံပေါင်း ၁၇၅ နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံမှာ အဆင့် ၁၅၆ ရရှိလာခဲ့ပြီဖြစ်သည်။ ယခင် ၂၀၁၃ ခုနှစ်တွင် အဆင့် ၁၅၇၊ ၂၀၁၂ ခုနှစ်တွင် အဆင့် ၁၇၂။ ၂၀၁၁ ခုနှစ်တွင် အဆင့် ၁၈၀ တို့မှ တိုးတက်လာခြင်းဖြစ်ကြောင်း၊ လေးနှစ်တာအတွင်း အဆင့်(၂၄)ဆင့် တိုးတက်လာခြင်း ဖြစ်ကြောင်းလည်း သုံးသပ်တွေ့ရှိရသည်။ အဆိုပါအဆင့် ၁၅၆ ကို မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ပူးတွဲရရှိခြင်းဖြစ်သည်။ အာဆီယံနိုင်ငံများအား နှိုင်းယှဉ်လေ့လာကြည့်ရာတွင်လည်း အောက်ပါအတိုင်းတွေ့ရှိနိုင်သည်-

| နိုင်ငံ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ |
|---|---|---|---|---|---|
| ဘရူနိုင်း | ၃၈ | ၄၄ | ၄၆ | ၃၈ | - |
| ကမ္ဘောဒီးယား | ၁၅၄ | ၁၆၄ | ၁၅၇ | ၁၆၀ | ၁၅၆ |
| လာအို | ၁၅၄ | ၁၅၄ | ၁၆၀ | ၁၄၀ | ၁၄၅ |
| မလေးရှား | ၅၆ | ၆၀ | ၅၄ | ၅၃ | ၅၀ |
| မြန်မာ | ၁၇၆ | ၁၈၀ | ၁၇၂ | ၁၅၇ | ၁၅၆ |
| စင်ကာပူ | ၁ | ၅ | ၅ | ၅ | ၇ |
| ထိုင်း | ၇၈ | ၈၀ | ၈၈ | ၁၀၂ | ၈၅ |
| အင်ဒိုနီးရှား | ၁၁၀ | ၁၀၀ | ၁၁၈ | ၁၁၄ | ၁၀၇ |
| ဖိလစ်ပိုင် | ၁၃၄ | ၁၂၉ | ၁၀၅ | ၉၄ | ၈၅ |
| ဗီယက်နမ် | ၁၁၆ | ၁၁၂ | ၁၂၃ | ၁၁၆ | ၁၁၉ |

အရင်းအမြစ်။ ။Corruption Perceptions Index 2014

အဂတိလိုက်စားမှုပပျောက်ရေးသည် အစိုးရတွင်သာ တာဝန်ယူမှု တာဝန်ခံမှု (Accountability) ရှိသည်မဟုတ်၊ ပုဂ္ဂလိက ကဏ္ဍမှ လုပ်ငန်းရှင်များတွင်လည်း တာဝန်ရှိသည်ဟု သုံးသပ်မိသည်။ အပေးရှိ၍သာ အယူရှိသည်။ ပေးသူယူသူနှစ်ဦးနှစ်ဖက်လုံးကို တားဆီးနိုင်ပါမှ ထိရောက်သည့် ဆောင်ရွက်မှုဖြစ်လာပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်မည်ဖြစ်သည်။ ယင်းတာဝန်ယူမှု တာဝန်ခံမှုနှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ် (World Bank)၏ ရှင်းလင်းချက်တွင် နိုင်ငံရေးသမား၊ ဌာနဆိုင်ရာအဖွဲ့အစည်း၊ နိုင်ငံသားများ သုံးဦးသုံးဖလှယ်၏ မျှတစွာ တာဝန်ယူမှုရှိမှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဌာနဆိုင်ရာအဖွဲ့အစည်းနှင့် နိုင်ငံသားတို့၏ အခန်းကဏ္ဍသည် ပိုမိုအရေးကြီးကြောင်း၊ အမှန်တကယ် စိတ်ဆန္ဒရှိရန် လိုအပ်ကြောင်းအောက်ဖော်ပြပါပုံအရ တွေ့ရှိရသည်။




**အရင်းအမြစ်။ Adopted from World Bank (2004)6-10**

United Nations Economic and Social Commission for Asia and the Pacific (UNESCAP)၊ Mekong Institute နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် Myanmar Business Survey တွင်လည်း အဂတိလိုက်စားမှုသည် အဓိကကျသည့် စိန်ခေါ်မှုတစ်ခုအဖြစ် လေ့လာတွေ့ရှိရကြောင်း ဆိုထားသည်။ ယင်းလေ့လာမှုသည် လုပ်ငန်းပေါင်း ၃၀၀၀ ကို စစ်တမ်းကောက်ယူခြင်းဖြစ်ပြီး အဆိုပါစစ်တမ်းတွင် သတ္တုနှင့်စွမ်းအင်ကဏ္ဍများတွင် အဂတိလိုက်စားမှု အများဆုံးဖြစ်ကြောင်း၊ လက်ရှိတွင် လာဘ်ပေးလာဘ်ယူ ဆောင်ရွက်နေသောလုပ်ငန်းအရေအတွက်သည် အဂတိလိုက်စားမှုအား လုံးဝလက်မခံလိုသည့် လုပ်ငန်းအရေအတွက်ထက် များပြားကြောင်း စစ်တမ်းအရ လေ့လာတွေ့ရှိရသည်။ အောက်ဖော်ပြပါပုံများတွင် အနီရောင်ဖြင့်ပြသသော အရေအတွက်မှာ လာဘ်ပေးလာဘ်ယူမှု ဆောင်ရွက်နေသည့်အရေအတွက်ဖြစ်ပြီး အပြာရောင်ဖြင့် ပြသထားသော အရေအတွက်မှာ အဂတိလိုက်စားမှုအား လုံးဝလက်မခံလိုသည့် လုပ်ငန်းအရေအတွက်ပင် ဖြစ်သည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် နမူနာကောင်းတစ်ခု**

၂၀၀၀ ပြည့်နှစ်တွင် ဟောင်ကောင်၌ ဆောင်ရွက်ခဲ့သည့် Anti-Corruption Strategy သည် လေ့လာသင့်သည့် နမူနာကောင်းတစ်ခုဖြစ်ကြောင်း တင်ပြလိုသည်။ ဟောင်ကောင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အဆင့်လေးဆင့်ဖြင့် ဆောင်ရွက်ခဲ့သည်။ ပထမအဆင့်မှာ ပြင်ပအဖွဲ့အစည်းများကို စောင့်ကြည့်လေ့လာခြင်း၊ ဒုတိယအဆင့်အတွင်း အဖွဲ့အစည်းများကို စောင့်ကြည့်လေ့လာခြင်း၊ တတိယအဆင့် အဓိကပြဿနာများကို သတ်မှတ်ခြင်းနှင့် စတုတ္ထအဆင့် မဟာဗျူဟာချမှတ်ခြင်းတို့ ဖြစ်ကြသည်။

ပထမအဆင့်တွင် နိုင်ငံရေးပတ်ဝန်းကျင်ကို လေ့လာခြင်း၊ စီးပွားရေးပတ်ဝန်းကျင်ကို လေ့လာခြင်း၊ လူမှုရေးပတ်ဝန်းကျင်ကို လေ့လာခြင်း၊ ဥပဒေများကိုလေ့လာခြင်းဟူ၍ အပိုင်းလေးပိုင်းသတ်မှတ်သည်။ နိုင်ငံရေးပတ်ဝန်းကျင်ကိုလေ့လာရာတွင် နိုင်ငံရေးသမားမှ အမှန်တကယ်ဆောင်ရွက်လိုသည့် စိတ်ဆန္ဒရှိ၊ မရှိကို လေ့လာဆန်းစစ်ပြီး စီးပွားရေးပတ်ဝန်းကျင်ကို လေ့လာရာ၌ ပြည်သူ့ဝန်ထမ်းများ၏ လစာငွေသည် ပုဂ္ဂလိကကဏ္ဍမှ လစာနှင့် နှိုင်းယှဉ်၍ လုံလောက်မှုရှိ မရှိ၊ နိုင်ငံတော်ဘတ်ဂျက်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးရန်ပုံအတွက် လုံလောက်စွာ သုံးစွဲမှု ရှိ မရှိနှင့် စီးပွားရေးလုပ်ငန်းရှင်များမှ မည်မျှပါဝင်ပတ်သက်မှုရှိနေသည်ကို လေ့လာခဲ့သည်။ လူမှုရေးပတ်ဝန်းကျင်ကို လေ့လာခြင်းတွင်လည်း နိုင်ငံသူ နိုင်ငံသားများ၏ ခံယူချက်များ၊ တိုက်ဖျက်ရေးအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်လိုခြင်းရှိ မရှိနှင့် ပညာပေးမှု မည်မျှရှိသည်ကို လေ့လာခြင်းများ ဆောင်ရွက်ခဲ့သည်။ ဥပဒေများကို လေ့လာခြင်းတွင်လည်း လက်ရှိဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများသည် လုံလောက်မှုရှိ မရှိ လေ့လာဆန်းစစ်ခဲ့သည်။

ဒုတိယအဆင့်ဖြစ်သော အတွင်းအဖွဲ့အစည်းများကို စောင့်ကြည့်လေ့လာခြင်းတွင် ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်မှုစနစ်များ၊ နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးအစီအစဉ်များ၊ ပညာရှင်များခန့်ထားမှု၊ စီမံခန့်ခွဲမှုပုံစံ၊ စံနမူနာပြခေါင်းဆောင်ကောင်း စသည်တို့ကို လေ့လာခဲ့ခြင်း၊ တတိယအဆင့် အဓိကပြဿနာများကို သတ်မှတ်ခြင်း၊ စတုတ္ထအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးစီမံကိန်းကို ရေးဆွဲခြင်း စသည်တို့ကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါစီမံကိန်းအရ Hong Kong Anti-corruption Agency ကို တည်ထောင်ခဲ့၍ ယင်း Agency မှ သုံးနားညီမဟာဗျူဟာ Three Pronged Strategy ကို ချမှတ်ခဲ့သည်။ စုံစမ်းစစ်ဆေးရေး၊ တားဆီးရေးနှင့် ပညာပေးခြင်း စသည့် အစီအစဉ်(၃)ရပ်ကို ချမှတ်ခဲ့ပြီး အစီအစဉ်တစ်ခုချင်းစီအလိုက် လွတ်လပ်စွာအကောင်အထည်ဖော်စေခဲ့သည်။ စုံစမ်းစစ်ဆေးရေးဌာနသည် စုံစမ်းစစ်ဆေးရေးကိစ္စများကို ဆောင်ရွက်သည့်ဌာနဖြစ်၍ အဂတိလိုက်စားမှုတာဆီးကာကွယ်ရေးဌာနမှ အဂတိလိုက်စားမှုများ မည်ကဲ့သို့ဖြစ်ပွားသည်၊ မည်ကဲ့သို့ ရှောင်ရှားသည်ကို လေ့လာသည့်ဌာနဖြစ်သည်။ ပြည်သူ့ဆက်ဆံရေးဌာနသည် အဂတိလိုက်စားမှုပပျောက်ရေးအတွက် အသိပညာပေးခြင်းကို ဆောင်ရွက်သည့်ဌာနဖြစ်၍ ဝန်ထမ်းခန့်ထားမှုမှာလည်း စွမ်းဆောင်ရည်မြင့်မားပြီး စုံစမ်းစစ်ဆေးမှုများ ထိရောက်စွာလုပ်ကိုင်နိုင်သူများကို ခန့်ထားပြီး ၂၄ နာရီ ဝန်ဆောင်မှုပေးသည့်ဌာနဖြစ်သည်။ နှစ်စဉ် အစီရင်ခံစာများကို ထုတ်ပြန်ပြီး မီဒီယာများမှလည်း အသိပညာပေးဇာတ်လမ်းတွဲများကို ထုတ်လွှင့်ပြသသည်။ မူကြိုမှစ၍ တက္ကသိုလ်အထိ လူမှုကျင့်ဝတ်ပညာပေးသင်ကြားခြင်းကို ထည့်သွင်းထားပြီး ပြင်ပမှ စိတ်ပါဝင်စားသူများ ပါဝင်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကလပ်ကို ဖွဲ့စည်းပြီး ယင်းကလပ်တွင် Voluntary ပါဝင်လိုသူများက ပါဝင်ကြ၍ ပညာပေးအစီအစဉ်များကို ဆောင်ရွက်ပေးနိုင်ကြသည်။ လူမှုကျင့်ဝတ်မှန်ကန်စေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း Ethic Development Center ကို တည်ထောင်ကာ လူ့ကျင့်ဝတ်မှန်ကန်ရေး အစီအစဉ်များကို ဆောင်ရွက်သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

**Corruption and bribery, Fig 1- by sector, Fig – 2 by size of firm**






● **ပြည်ထောင်စုလွှတ်တော်မှ**

အမျိုးသားလွှတ်တော်တို့က ပြင်ဆင်အတည်ပြုထားသည့် **“မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေကို ပြင်ဆင်သည့်နည်းဥပဒေများ”**နှင့် **“အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများ”**ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူ၍ မှတ်တမ်းတင်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး**က “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း(၈)ဖွဲ့အကြားတွင် ချုပ်ဆိုခဲ့သည့် (NCA)စာချုပ်အား အောက်တိုဘာ ၁၅ ရက်တွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များ၊ ပြည်တွင်း ပြည်ပ အသိသက်သေများနှင့် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ နိုင်ငံတော်ကို တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေးသည် မဖြစ်မနေလိုအပ်သည့်အကြောင်းတရား ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုမရှိပါက တည်ဆဲဥပဒေများသည်လည်း သက်ဝင်လှုပ်ရှားမှု မရှိနိုင်ပါကြောင်း၊ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည့် ပြည်တွင်း ပဋိပက္ခများကြောင့် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခဲ့ရသကဲ့သို့ နယ်စပ်ဒေသများတွင် သိသာထင်ရှားသည့် ပြောင်းလဲတိုးတက်မှုများ မရှိခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးကို နိုင်ငံသားအားလုံး လိုလားနေသကဲ့သို့ နယ်စပ်ဒေသများရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများအတွက်လည်း အထူးမျှော်လင့်နေသည့်ကိစ္စ ဖြစ်ပါကြောင်း။

ထို့ကြောင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ထွက်ပေါ်လာခြင်းကို ကြိုဆိုဂုဏ်ပြုပါကြောင်း၊ အဆိုပါစာချုပ်ထွက်ပေါ်လာအောင် ဦးဆောင်ပေးခဲ့သည့် နိုင်ငံတော်အစိုးရနှင့် ဆွေးနွေးပေးခဲ့ကြသည့် အဖွဲ့အစည်းများအားလုံးကို အထူးကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

**အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်**က တစ်နေရာတွင် စစ်မဖြစ်ပါက အဆိုပါတစ်နေရာ ငြိမ်းချမ်းရေးရပါကြောင်း၊ တစ်နယ်တစ်ဒေသ ငြိမ်းချမ်းမှုကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်း ငြိမ်းချမ်းမှုကိုဖြစ်စေ၊ တစ်ဝက်ပဲငြိမ်းချမ်းသည်ဖြစ်စေ ငြိမ်းချမ်းရေးဆောင်ရွက်မှုကို လက်ခံရမည်ဖြစ်ပါကြောင်း၊ အားလုံးညီမှ စရမည်ဆိုပါက စဖို့လွယ်မည်မဟုတ်ပါကြောင်း၊ အလွယ်ဆုံးစနိုင်သည့် အလုပ်မှ တဖြည်းဖြည်းချင်း ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဆိုသည်မှာ ပြည်သူ့အရေးဖြစ်ပြီး အဆိုပါ ငြိမ်းချမ်းရေးကိုရောက်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသင့်ပါကြောင်း ထောက်ခံဆွေးနွေးပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဒသမမြောက်နေ့အစည်းအဝေးကို ဒီဇင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အစိုးရအောင်ဘာလေထီဥပဒေကြမ်း ဆက်လက်ဆောင်ရွက်ရန် အတည်ပြု

**နေပြည်တော် ဒီဇင်ဘာ ၇**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ ကျင်းပရာ အစီရင်ခံစာ (၄)ခု တင်ပြဆွေးနွေးခြင်း၊ ဥပဒေကြမ်း (၆) ခုကို ဖတ်ကြားရှင်းလင်းခြင်းနှင့် အဆိုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုးက ရှင်းလင်းတင်ပြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် တောင်တွင်းကြီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းက ရှင်းလင်းတင်ပြပြီး အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေး ဒသမနေ့တွင် တင်ပြခဲ့သည့် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုန်ကွမ်က ဆွေးနွေးသည်။

ယင်းနောက် အဆိုပါအစီရင်ခံစာကို သဘောတူလက်ခံရန်အတွက် ဥတ္တရသီရိ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသူက အဆိုတင်သွင်းပြီး လွှတ်တော်၏ အတည်ပြုချက်ရယူကာ မှတ်တမ်းတင်သည်။

ထို့နောက် အစည်းအဝေး ဒသမနေ့တွင် တင်ပြခဲ့သည့် **ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး**ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် မိုင်းယန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းက အဆိုတင်သွင်းပြီး လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ယင်းနောက် ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသည့် **“ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကြမ်း”**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန်အတွက် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသူ။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်း”**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီဝင် ကျိုင်းတုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်က အစီရင်ခံစာ ဖတ်ကြားရှင်းလင်းကာ ယင်းဥပဒေကြမ်းကို ပြင်ဆင်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းရန် ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော **“ပိုးသတ်ဆေးဥပဒေကြမ်း”**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီဝင် မော်လမြိုင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ်က အစီရင်ခံစာ ဖတ်ကြားရှင်းလင်းကာ ယင်းဥပဒေကြမ်းကို ပြင်ဆင်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းရန် ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်ပေးပို့သော **“စက်မှုလုပ်ငန်းဥပဒေကြမ်း”**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညိုက အစီရင်ခံစာတင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူကာ ဆက်လက်ဆောင်ရွက်ရန် အတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်ပေးပို့သော “အစိုးရအောင်ဘာလေထီဥပဒေကြမ်း”နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြကာ ဥပဒေကြမ်းကော်မတီဝင် တမူးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေက အစီရင်ခံစာတင်ပြသည်။

ထို့နောက် ယင်းဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူပြီး ဆက်လက်ဆောင်ရွက်ရန်အတွက် အတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်ပေးပို့သော “အစိုးရအောင်ဘာလေထီဥပဒေကြမ်း”နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆိုကို စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးက အဆိုတင်သွင်းပြီး ကလေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က ထောက်ခံဆွေးနွေးသည်။

ထို့နောက် အဆိုပါဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူပြီး ဆက်လက်ဆောင်ရွက်ရန် အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်ပေးပို့သော “ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်း”နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီဝင် ကယားပြည်နယ် ဒီမော့ဆိုမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးရယ်က အစီရင်ခံစာဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို လတ်တလော ဆောင်ရွက်ခြင်းမပြုရန်အတွက် အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး အတည်ပြုသည်။ **(သတင်းစဉ်)**

---

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဖားကန့်ဒေသတွင် မြေစာတောင်ပြို၍ လူသေဆုံးမှုမျိုး ထပ်မံမဖြစ်ပွားရန်အတွက် ကြိုတင်ကာကွယ် စီမံဆောင်ရွက်သွားရန်အဆိုအား ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၇**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ဖားကန့်ဒေသတွင် မြေစာတောင်ပြို၍ လူသေဆုံးမှုမျိုး ထပ်မံမဖြစ်ပွားရန်အတွက် ကြိုတင်ကာကွယ်စီမံဆောင်ရွက်သွားရန်အဆိုအား ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် တင်သွင်းထားသည့် **ကချင်ပြည်နယ် ဖားကန့်ဒေသတွင် မြေစာတောင်ပြို၍ လူသေဆုံးမှုမျိုး ထပ်မံမဖြစ်ပွားရန်အတွက် ကြိုတင်ကာကွယ်စီမံဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရာ **ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမြအုန်း**က ဖားကန့်မြို့နယ်တွင် စုပေါင်းမြေစာပုံ ၁၁ နေရာ သတ်မှတ်ဆောင်ရွက်ထားသည်ကို တွေ့ရပါကြောင်း၊ စုပေါင်းမြေစာပုံများကို အနည်းဆုံးပေ ၃၀ မှနေ၍ ပေ ၂၀၀ အထိ သတ်မှတ်ထားပါကြောင်း။

အချို့ကုမ္ပဏီများသည် စွန့်ပစ်မြေစာများကို သတ်မှတ်ထားသည့် စုပေါင်းမြေစာပုံများတွင် စွန့်ပစ်ခြင်းမရှိဘဲ လုပ်ကွက်အတွင်းတွင် စွန့်ပစ်မှုများရှိပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်**က ယခုဖြစ်စဉ်တွင် ကြပ်မတ်ပုံဖော်သည့်ဘက်တွင် အားနည်းချက်များရှိပြီး လိုက်နာရမည့် ပြည်သူလူထုဘက်တွင်လည်း အားနည်းချက်များ ရှိပါကြောင်း၊ ယခုကဲ့သို့မြေပြိုမှုများကို စီမံခန့်ခွဲမှု၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း လိုက်နာနိုင်မှုများဖြင့်သာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်။



ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမြအုန်း။

**ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးစိုင်းတင်အောင်**က မြန်မာ့ကျောက်မျက်ရတနာ ဥပဒေတွင် အခြေခံလူတန်းစား နိုင်ငံသားများအတွက် လက်လုပ်လက်စား တစ်ပိုင်တစ်နိုင်လုပ်ပိုင်ခွင့် ပြဋ္ဌာန်းပေးသင့်ပါကြောင်း။

တွင်းထွက်သယံဇာတ ထုတ်ယူသုံးစွဲသည့်နေရာတွင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ ပျက်စီးမှုနည်းပါးအောင် ဆောင်ရွက်သင့်ပါကြောင်း၊ ထို့ပြင် သယံဇာတ တူးဖော်ထုတ်လုပ်သည့် နေရာများတွင် ပြန်လည်အစားထိုးစိုက်ပျိုး ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရန်ပုံငွေများ ထူထောင်ထားရှိခြင်း စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံချက်ချမှတ်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ၂၁ ရက်အတွင်း ပြန်လည်ဖြေရှင်းဆွေးနွေးနိုင်သည့်အတွက် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က လာရောက်ဆွေးနွေးနိုင်သည့် နေ့ရက်တွင် လွှတ်တော်၏အဆုံးအဖြတ် ရယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။ **(သတင်းစဉ်)**

# ဒုတိယအကြိမ်မြောက် UN Global Compact Myanmar Network ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၇

**ဒုတိယအကြိမ်မြောက် UN Global Compact Myanmar Network ဆွေးနွေးပွဲကို ဒီဇင်ဘာ ၄ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။**



ဒုတိယအကြိမ်မြောက် UN Global Compact Myanmar Network ဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အမှာစကား ပြောကြားရာတွင် လက်ရှိအစိုးရ စတင်တာဝန်ယူသည့် အချိန်မှစ၍ ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများအနက် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ရာတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုကို အဓိကမဏ္ဍိုင်တစ်ခုအဖြစ် ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ ကျယ်ပြန့်စွာဖြစ်တည်လာရေးအတွက် Corporate Social Responsibility (CSR) ကိုလည်း အရေးကြီးသော လိုအပ်ချက်တစ်ခုအနေဖြင့် အစဉ်တစိုက် ထည့်သွင်း အားပေးမြှင့်တင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် အသစ်ပြဋ္ဌာန်းခဲ့သည့် ရင်းနှီးမြှုပ်နှံမှု ဥပဒေများနှင့် အညီတာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ ဖြစ်စေရေးအတွက် လုပ်ငန်းတစ်ခုချင်းအလိုက် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environment Management Plan-EMP)ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း (Initial Environment Examination - IEE) သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment) နှင့် လူမှုဘဝသက်ရောက်မှု ဆန်းစစ်ခြင်း (Social Impact Assessment) စသည်တို့ကို လုပ်ငန်း၏ သဘာဝပေါ်မူတည်ပြီး မဖြစ်မနေ ပြုလုပ်ရန် လမ်းညွှန်လျက်ရှိပါကြောင်း။

ထို့အပြင် မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် (EITI-Extractive Industry Transparency Initiative) အဖွဲ့ဝင်လောင်းအဖြစ် သတ်မှတ်ခံရပြီးဖြစ်သည့်အပြင် EITI ၏ ပထမဆုံး အစီရင်ခံစာကို လာမည့် ဇန်နဝါရီလတွင် တင်ပြနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ရင်းနှီးမြှုပ်နှံသူများအား ၎င်းတို့၏ အသားတင်အမြတ်ငွေမှ နှစ်ရာခိုင်နှုန်းခန့်ကို CSR လုပ်ငန်းများအတွက် ကျခံသုံးစွဲပေးရန်နှင့် UNGC အဖွဲ့ဝင်ဖြစ်ရေးတို့ကိုလည်း အားပေးတိုက်တွန်းလျက်ရှိပါကြောင်း။ UNGC နှင့်ပတ်သက်၍ ရေရှည်တည်တံ့မည့် စီးပွားရေးကို လုပ်ကိုင်မည့် ကုမ္ပဏီများအား ၎င်းတို့၏ လုပ်ငန်းများ လုပ်ကိုင်ရာတွင် လူ့အခွင့်အရေး၊ အလုပ်သမား၊ ပတ်ဝန်းကျင်နှင့် အကျင့်ပျက်ခြစားမှု ကဏ္ဍများတွင် နိုင်ငံတကာမှ လက်ခံထားသည့် အခြေခံမူ ၁၀ ချက်နှင့်အညီ ဆောင်ရွက်နိုင်ရန် ချမှတ်ထားသော မဟာဗျူဟာကျသည့် မူဝါဒလမ်းစဉ်များဖြစ်သည့်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်လည်း လိုက်လျောညီထွေဖြစ်လျက်ရှိသည်ကို သုံးသပ်ပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က Sustainable Dovelopment Goals (SDGs) အားလည်းကောင်း ဟောပြောဆွေးနွေးသည်။ ထို့နောက် စကားဝိုင်းဆွေးနွေးပွဲများကို ဆက်လက်ကျင်းပရာ Best Practices and Lessons Learned in Implementing UNGC in Myanmar ခေါင်းစဉ်အား ကုန်သည်စက်မှုအသင်းချုပ် ဒေါ်ခိုင်ခိုင်နွယ်က Moderator အဖြစ်ဆောင်ရွက်၍ ရွှေတောင်ကုမ္ပဏီအုပ်စုအမှုဆောင် အရာရှိချုပ် ဦးအောင်ဇော်နိုင်နှင့် AMT အုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်မေမြတ်သူတို့က ဦးဆောင်၍ လည်းကောင်း၊ Promoting Peace Through Business for Peace (B4P) ခေါင်းစဉ်အား Mr.Martin Pun, Chairman, Myanmar Business Coalition on AID မှ Moderator အဖြစ် ဆောင်ရွက်၍ City Mart Company အုပ်စု၏ အမှုဆောင်အရာရှိချုပ် ဒေါ်ဝင်းဝင်းတင့်နှင့် MIT အမှုဆောင်အရာရှိချုပ် ဒေါက်တာ ထွန်းသူရသက်တို့က ဦးဆောင်၍ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

●ရွှေဖုံးမှ

ရရှိဖို့ဆိုတာကတော့ မလွယ်ကူတဲ့ကိစ္စပါ" ဟု သုံးသပ်ပြောကြားသည်။

လက်ရှိအနေအထားအရ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာစက်မှုဇုန်၊ ရွှေလင်ပန်းစက်မှုဇုန်နှင့်ရွှေပြည်သာစက်မှုဇုန်တို့ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်မြေနေရာ ပေါ်၌ စက်ရုံလုပ်သားအိမ်ရာများ တည်ဆောက်လျက်ရှိကြောင်းသိရသည်။

ထိုတိုက်ခန်းများပြီးစီးလျှင် စက်ရုံ၊ အလုပ်ရုံပိုင်ရှင်များအား ထိုက်သင့်သည့်ငွေကြေးဖြင့်အပ်နှံပြီး စက်ရုံလုပ်သားများအား လစာဝင်ငွေများအပေါ်ငှားရမ်းခြင်းနှင့် အရစ်ကျစနစ်ဖြင့်ရောင်းချခြင်းတို့အား ပြုလုပ်သွားမည်ဖြစ်ကြောင်း လှိုင်သာယာစက်မှုဇုန်ကော်မတီရုံးမှ သိရသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး၌ အနယ်နယ်အရပ်ရပ်မှလာရောက်အလုပ်လုပ်ကိုင်နေကြသော စက်ရုံ၊ အလုပ်ရုံ လုပ်သားများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ဈေးရောင်းဈေးဝယ် ပွဲကျဈေးသည်များမှာ မြို့ပေါ်ဆင်ခြေဖုံးရပ်ကွက်များ၌ တစ်လလျှင် တိုက်ခန်းငှားရမ်းခငွေကျပ် ငါးသောင်းမှ ငွေကျပ်တစ်သိန်းကြားငှားရမ်းနေထိုင်လုပ်ကိုင်လျက် ရှိကြောင်းသိရသည်။

ထို့ပြင် ပန်းရန်လုပ်သားများ၊ ကူလီထမ်းနှင့် အခြားအခြေခံလုပ်ငန်းများဖြင့် နေ့စဉ်မိသားစုဘဝရပ်တည်ရေးအတွက် ရုန်းကန်နေကြသော မိသားစုများမှာလည်း စက်မှုဇုန်လမ်းမကြီး၏ဘေးဝဲ/ယာနှင့် ဆင်ခြေဖုံးမြို့နယ်များရှိ လမ်းမကြီး၏ဘေးဝဲ/ယာ တို့၌ ကျူးကျော်နေထိုင်နေကြကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေသိန်းနှင့်ချီရှိကြောင်းသိရသည်။

ရန်ကုန်မြို့လယ်နှင့်နီးကပ်သည့် ကြည့်မြင်တိုင်တစ်ဖက်ကမ်းကို တော်ဝင်မိသားစုကုမ္ပဏီ လီမိတက်မှတန်ဖိုးနည်းအိမ်ရာ စီမံကိန်းဆောက်လုပ်ရန်မျှော်မှန်းထားကြောင်းသိရပြီး အရစ်ကျစနစ်များပါဝင်ကာ တန်ဖိုးနည်းအိမ်ရာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုအစိုးရအား မြေနေရာ တင်ပြထားပြီးဖြစ်သည်။

လောလောဆယ်အနေအထားအရ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီးနှင့် အခြားမြို့နယ်များတွင်တန်ဖိုးနည်းအိမ်ရာများအား ဖော်ဆောင်လျက်ရှိကြောင်းနှင့် အဓိကလုပ်ငန်းခွင်ဝင်နေကြသောပုံမှန်ဝင်ငွေရှိကြသည့် လုပ်သားများအတွက် ဖော်ဆောင်ပေးနိုင်စေရန်စက်မှုဇုန်များ အနီးတစ်ဝိုက်တွင်လည်း တန်ဖိုးနည်းအိမ်ရာများဖော်ဆောင်လျက်ရှိနေကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ (စိုးဝင်း-MLA)**

**စာမျက်နှာ ၆ မှ ❍**

သက်ဆိုင်ရာ Website များမှ တစ်ဆင့်လည်း အသိပညာပေးခြင်း၊ တိုင်ကြားနိုင်ခြင်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။

အကောင်အထည်ဖော်ရာတွင်လည်း ပုဂ္ဂလိကမှ ပါဝင်သူများအပြင် ဌာနဆိုင်ရာမှ ပါဝင်သူများ နှစ်ဦးနှစ်ဖက်စလုံးကို ဖော်ထုတ်အရေးယူခြင်းဖြစ်ကြောင်းတွေ့ရပါသည်။ အစိုးရဘတ်ဂျက်၏ သုည ဒသမ ၃ ရာခိုင်နှုန်းကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးရန်ပုံငွေအဖြစ် အသုံးပြုခဲ့ပြီး ယင်းပမာဏသည် GDP ၏ သုည ဒသမ ၀၅ ရာခိုင်နှုန်း ရှိပါကြောင်း တွေ့ရှိရသည်။ ၂၀၁၃ ခုနှစ် Corruption Perceptions Index တွင် ဟောင်ကောင်သည် အဆင့် ၁၇ တွင် ရပ်တည်လျက်ရှိရာ အောင်မြင်ခဲ့သည့် စီမံကိန်းဖြစ်ခဲ့ပါသည်။ နိုင်ငံတိုင်းတွင် လုပ်ဆောင်ရန်ခက်ခဲသော ယင်းအစီအစဉ်ကို ဆောင်ရွက်ရာ၌ အများက "Mission Impossible" စီမံကိန်းဟုပင် ခေါ်တွင်ခဲ့ကြကြောင်း၊ သို့ရာတွင် ယင်းစီမံကိန်းသည် အအောင်မြင်ဆုံးသော စံနမူနာပြ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစီအစဉ်ဖြစ်ခဲ့သည်မှာ သာဓကတစ်ရပ်ပင်ဖြစ်ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံ၌ အဂတိလိုက်စားမှုပပျောက်ရေးကို ဆောင်ရွက်ရာ၌ အစိုးရ၊ ဌာနဆိုင်ရာအဖွဲ့အစည်းနှင့် ပြည်သူ ပြည်သားအားလုံးပါဝင်ဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**"အကျင့်ပျက်ခြစားမှုသည် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ခြိမ်းခြောက်မှုကြီးတစ်ရပ်ဖြစ်သည်။"**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ်ကျက်သရေဆောင် အောင်ဗောဓိဆုတောင်းပြည့်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ်ကျက်သရေဆောင် အောင်ဗောဓိဆုတောင်းပြည့်စေတီတော်ကြီး၏ (၁၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်(ဒီဇင်ဘာ ၁၀ ရက်)မှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတော်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၀ ရက် ညနေ ၆ နာရီမှစ၍ စန္ဒယားတင်ကိုကို တူရိယာအဖွဲ့၊ နိုင်ငံကျော် အဆိုတော်များဖြစ်ကြသည့် ဒေါ်မာမာအေး၊ ကိုသန်းမြတ်စိုး၊ မေဆွိ၊ ဗညားဟန်၊ ပန်ဆုပြည့်ကျော်၊ ဖိုးသောကြာ၊ အိအိချွန် တို့အဖွဲ့နှင့်အတူ သမီးလေး မေသက်ထားဆွေတို့အဖွဲ့က ဓမ္မတေးများ၊ ဂန္ထဝင်တေးသီချင်းများဖြင့် သီကျူးပူဇော်ကြမည်ဖြစ်ပြီး နောက်ရက်ညများတွင် ရဲမိုးနှင့် ဖိုးချစ် မဟာဇာတ်သဘင်တို့ဖြင့် ကပြဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြဝတီမြို့၌ ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနား ကျင်းပ

**မြဝတီ ဒီဇင်ဘာ ၇**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ သောင်ရင်းခန်းမတွင် ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီကကျင်းပသည်။

ရှေးဦးစွာခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးကအမှာစကားပြောကြားရာယခုအခမ်းအနားကိုခုခံအားကျဆင်းမှုကူးစက်ရောဂါ တားဆီးကာကွယ်တိုက်ဖျက်ရေး၊ ကုသရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများမှာ ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နှီးနွယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အိပ်ချ်အိုင်ဗွီပိုးကူးဆက်ခံရသူများ၊ မိသားစုများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကထက်သန်သည့်ဆန္ဒများနှင့် ထိရောက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေဖို့ နှိုးဆော်သည့်အနေဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်က ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့အကြောင်းရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီးကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ စာစီစာကုံး၊ ကာတွန်းပြိုင်ပွဲတွင် ဆုရရှိသော မူလတန်းနှင့် အလယ်တန်းကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ပြီး ပညာပေးဆိုင်းဘုတ်များဖြင့် မော်ဒယ်ရှိုးလျှောက်ခြင်း၊ တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အလှမယ်ပြိုင်ပွဲနှင့် ပညာပေးပြဇာတ်ဖျော်ဖြေခြင်းတို့ကို ဆောင်ရွက်ကြပြီး ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်နေမှု ကွင်းဆင်းစစ်ဆေး

**သုံးခွ ဒီဇင်ဘာ ၇**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင် ချေးငွေဖြင့် အဇတ်ဝကျေးရွာ၊ နံယောကျေးရွာ၊ သခွတ်ကုန်းကျေးရွာတို့တွင် ကျေးရွာသူ ကျေးရွာသားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ မီးလင်းရေး၊ ရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာရွှေနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းမြစိမ်းရောင်ချေးငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ကျေးလက်နေပြည်သူများ၏ ဝင်ငွေမှာ လူတစ်ဦးချင်းမှ မိသားစုအလိုက် ဝင်ငွေတိုးပွားရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဟု သိရသည်။

**ကိုကျော်(သုံးခွ)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာစာမျက်နှာ(၈)၊ ကော်လံ(၁)အမေး/အဖြေ အပိုဒ်(၃)အဖြေတွင် **"ခါကာဘိုရာဇီက အမြင့်ပေ ၁၉၀၀၀ ကျော်ပါတယ်"** ဟုပြင်ဆင်ဖတ်ရှုပေးပါရန်။

**(စာတည်း)**

# လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ မာန်အောင်ကျွန်းပတ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား-မကွေးလမ်း ပြုပြင်ထိန်းသိမ်းထားမှုကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၅၁/၆)ရှိ ယင်းချောင်းတံတား ရေတိုက်စားမှုအား ကာကွယ်ထိန်းသိမ်းထားရှိမှုနှင့် ရေလမ်းကြောင်းအခြေအနေတို့ကိုလည်းကောင်း၊ ဧရာဝတီတံတား (မကွေး) ကြံ့ခိုင်မှုနှင့် မင်းဘူးဘက်ကမ်း(Toll Gate) အနီးတောင်ပြိုမှုအား ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် မင်းဘူး-အမ်း လမ်းအပိုင်း မိုင်တိုင်အမှတ် (၅၇/၅ နှင့် ၅၇/၆) တောင်ပြိုလမ်းကြောင်း ပြတ်တောက်မှုကို စက်ယန္တရားများဖြင့် ပြန်လည်ပြုပြင်နေမှု၊ မိုင်တိုင်အမှတ်(၆၂/၂ နှင့် ၆၂/၃)ကြား လမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၆၅/၆ နှင့် ၆၅/၇) ကြား မြေထိန်းနံရံတည်ဆောက်နေမှု၊ မိုင်တိုင်အမှတ် (၇၅/၆ နှင့် ၇၅/၇)ကြားတွင် ကျောက်စီမြေကာနံရံတည်ဆောက်နေမှု၊ မိုင်တိုင်အမှတ် (၈၀/၂ နှင့် ၈၀/၃) ကြား တောင်ပြိုကျသည့်နေရာတွင် လမ်းချဲ့ခြင်း၊ လမ်းပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပွင့်လင်းရာသီတွင် လုပ်ငန်းများအရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်၊ သတ်မှတ်လမ်းအင်္ဂါရပ်နှင့်အညီ စနစ်တကျဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ အမ်း-ပဒဲကြော-မအီလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၇)မှ တံတားအမှတ်(၂/၂၂) အရှည်ပေ ၇၀ ပဒဲကြောတံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် မာန်အောင်ကျွန်းပတ်လမ်း အရှည် ၅၁ မိုင် လေးဖာလုံအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်၊ အဆိုပါလမ်းပေါ်ရှိ ရေပြွန်များ၊ တံတားများ ပြုပြင်ရန်နှင့် အသစ်တည်ဆောက်ရန်အတွက် ခရိုင်အဖွဲ့၊ အထူးအဖွဲ့များအား အပိုင်းလိုက် တာဝန်ခွဲဝေပေးအပ်ပြီး လုပ်ငန်းဆောင်ရွက်ရန်အတွက် ဖွဲ့မြင့်မြတ်ထွန်း သင်္ဘောဖြင့် စက်၊ ယာဉ်၊ ယန္တရားများ ရောက်ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မာန်အောင်ကျွန်း မြို့တွင်းလမ်း မိုင်တိုင် (၀/၀ နှင့် ၀/၁)ကြား ၁၈ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မာန်အောင်ကျွန်းဆောက်လုပ်ရေးရုံးရှင်းလင်းဆောင်တွင် အင်ဂျင်နီယာချုပ် ဦးခင်သက်က မာန်အောင်ကျွန်းပတ်လမ်း အရှည် ၅၁ မိုင် လေးဖာလုံရှိသည့်အနက် ကွန်ကရစ်လမ်း နှစ်ဖာလုံ၊ ကတ္တရာလမ်း ခြောက်မိုင်သုံးဖာလုံနှင့် အမာခံလမ်း လေးဖာလုံ ဆောင်ရွက်ထားရှိမှု၊ တံတားများ၊ ရေပြွန်များ ပြုပြင်ထိန်းသိမ်းထားရှိမှု၊ အသစ်တည်ဆောက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် မာန်အောင်ကျွန်းပတ်လမ်း မိုင်တိုင် (၀/၅ နှင့် ၀/၆)ကြား ၁၂ ပေ အကျယ် ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင် (၂၈/၅ နှင့် ၂၈/၆)ကြားရှိ အရှည် ပေ ၁၂၀ မိမ္မကြွယ်တံတားကြံ့ခိုင်မှု၊ မိုင်တိုင် (၃၃/၅ နှင့် ၃၃/၆)ကြားရှိ အရှည်ပေ ၁၅၀ ကအီး ဘေလီသစ်သားတံတားကြံ့ခိုင်မှုအခြေအနေတို့ကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၅၀/၂ နှင့် ၅၀/၃)ကြား ၁၂ ပေ အကျယ် ကတ္တရာခင်းရန် ဒု-အခြေခံလွှာခင်းနေမှု၊ မိုင်တိုင်အမှတ် (၅၁/၂ နှင့် ၅၁/၃)ကြားတွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၇)မှ အရှည်ပေ ၂၁၀ အုန်းချောင်းတံတားသစ်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မာန်အောင်ကျွန်းဆိပ်ကမ်းသို့ ပင်လယ်မင်းသားဇက်ရေယာဉ်ဖြင့် သယ်ဆောင်လာသော စက်၊ ယာဉ်၊ ယန္တရားများ ရောက်ရှိနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

**(သတင်းစဉ်)**

# သားငါးကဏ္ဍ၊ နို့နှင့် နို့ထွက်ပစ္စည်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်




**နေပြည်တော် ဒီဇင်ဘာ ၇**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၆ ရက် ညနေ ၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သားငါးကဏ္ဍ ဖွံ့ဖြိုးရေးနှင့် နို့နှင့်နို့ထွက်ပစ္စည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နွားမွေးမြူထားရှိသော စံပြရွာမွေးမြူရေးခြံသို့ ရောက်ရှိပြီး ဆည်တော်ကြီး ဆည်ရေသောက် မန္တလေးတူးမြောင်းမှတစ်ဆင့် မွေးမြူထားရှိသော နွားများအတွက် သောက်သုံးရေရရှိရေး၊ နွားစားကျက် စိုက်ခင်းအတွက် စိုက်ပျိုးရေရရှိရေး ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ခြံအတွင်းမွေးမြူထားရှိသော ဒေသနွားမျိုးစုံ၊ လသားအရွယ် နို့ခွဲနွားငယ်များ၊ ဒေသမျိုးနွားသိုးနှင့် အသားစားနွားများ၊ အင်ဒိုဘရာဇီးမျိုး နွားသိုးများအား လည်းကောင်း၊ နွားစားကျက် စိုက်ပျိုးခင်းများဖြစ်သည့် CPနံ့စားပြောင်း၊ CP အထွက်တိုးပြောင်းနှင့် ပရိုတိန်းဓာတ်ပေါကြွယ်သည့် နေပီယာမြက်စိုက်ခင်းများအား လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်နှင့်အညီ ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေး၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး မိသားစုဝင်ငွေတိုးတက်ရရှိရေး၊ သန့်ရှင်းလတ်ဆတ်သော နို့နှင့်နို့ထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်လာနိုင်ပြီး အခြေခံပညာကျောင်းများ နို့တိုက်ကျွေးရေးအား အထောက်အကူပြုစေနိုင်ရေး၊ စားနပ်ရိက္ခာ ဖူလုံပြည့်စုံရေးတို့အတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စံပြမွေးမြူရေးဇုန်အဖြစ် မွေးမြူထားရှိခြင်းဖြစ်ကြောင်း၊ နို့နှင့်နို့ထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ အသားပိုမိုစားသုံးလာနိုင်ရေး၊ အသားစားနွားမျိုးများအဖြစ် ကျေးလက်ဒေသများအရောက် ဆက်လက်ဖြန့်ဖြူးနိုင်ရေး၊ နွားစာမြက် နေပီယာမြက်မျိုးများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုစိုက်ပျိုးပြီး ကျေးလက်နေမွေးမြူသူများ လက်ဝယ်အရောက် ဖြန့်ဖြူး၍ စိုက်ပျိုးအသုံးပြုနိုင်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အက်ဖီဒရင်းအမှုန့်၊ ဆေးခြောက်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၇**

မူးယစ်တပ်ဖွဲ့စု(၅)ကလေးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၅ ရက်က ကလေးမြို့ တောင်ဇလပ်ရပ်ကွက် ဆည်မြောင်းရုံးလမ်း မိုးကောင်းကင် KTV ဆိုင်ရှေ့တွင်တွေ့ရှိသူ ကျုံးအုပ်နှင့် လျှန်ကြီးတို့အား ရှာဖွေရာ အက်ဖီဒရင်းအမှုန့် ၂၉ ဒသမ ၁ ကီလို သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ အက်ဖီဒရင်းအမှုန့်များ ရောင်းချခိုင်းသူ ကလေးမြို့ တောင်ဇလပ်ရပ်ကွက် အနော်ရထာလမ်း နယ်မြေ(၅) အိမ်အမှတ်(၁၆၄)နေ ဗန်းလျှန်အား ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိသည်။

အလားတူ ဒီဇင်ဘာ ၅ ရက်က အင်းစိန် ဗဟိုအကျဉ်းထောင်ရှေ့ရှိ လင်းလက်ဖက်ရည်ဆိုင်သို့ ရောက်ရှိလာသူ ရဲအောင်(ခ)မွတ်တားနှင့် မဝင်းတင်တို့နှစ်ဦးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၉ ပြား သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ ၎င်းတို့နှစ်ဦး ငှားရမ်းနေထိုင်သည့် တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် (၁၆၅)လမ်း ၆ လွှာ အမှတ်(၂၁) နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၅၀ နှင့် ဆေးခြောက် သုည ဒသမ ၀၀၅ ကီလို ထပ်မံသိမ်းဆည်းရမိပြီး ဒီဇင်ဘာ ၆ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးတောင်ရပ်ကွက် (၉၂) လမ်းတွင် ခင်မောင်ဝင်း(ခ)စလင် မောင်းနှင်ပြီး ဇော်ဝင်း(ခ)ဟာရှင်နှင့် ညီညီအောင်(ခ)အောင်အောင်တို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူအလေးချိန် သုည ဒသမ ၀၀၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀ နှင့် ဘိန်းဖြူအလေးချိန် သုည ဒသမ ၁၄၃ ကီလို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**



ကျုံးအုပ်၊ လျှန်ကြီးနှင့် ဗန်းလျှန်တို့ သုံးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ၂၀၁၅-၂၀၁၆ ပထမနှစ် မောင်သစ်လွင်ကြိုဆို

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)တွင် ၂၀၁၅-၂၀၁၆ ပထမနှစ်သင်တန်း မောင်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို အဆိုပါကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဒီဇင်ဘာ ၇ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီး ဒေါက်တာမင်းသန့်က ၂၀၁၅-၂၀၁၆ ပထမနှစ်တက်ရောက်မည့် ကျောင်းသားများအား ကြိုဆိုနှုတ်ဆက် အမှာစကားပြောကြားပြီး ဒုတိယကျောင်းအုပ်ကြီး ပါမောက္ခ ဦးတင်ဝက ကျောင်း၏ စည်းမျဉ်းစည်းကမ်းများနှင့် ကျောင်းနှင့်ပတ်သက်သည်များကို ဖြည့်စွက်အမှာစကားပြောကြားသည်။

ပထမနှစ်သင်တန်းသို့ မောင်သစ်လွင်ကျောင်းသား ၇၆၆ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

# မြဝတီမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**မြဝတီ ဒီဇင်ဘာ ၇**

ပူပြင်းခြောက်သွေ့သော နွေဦးကာလ ရောက်ရှိလာပြီဖြစ်၍ဈေးများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန် မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်ပွဲ အခမ်းအနားကို ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ဘုရင့်နောင်ဈေးကြီးတွင် ဒီဇင်ဘာ ၅ ရက် ညနေပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပေါ်ကြောင်း သံချောင်းခေါက်ချိန်မှ စတင်၍ ဈေးသူ ဈေးသားများက မီးသတ်ဆေးဘူးနှင့် မီးသတ်စက်အသေးဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ယာဉ်လေးစီးဖြင့် မီးငြိမ်းသတ်ခြင်း၊ စေတနာလူမှုကူညီရေးအသင်းမှ မီးလောင်နေရာဈေးအတွင်း ပိတ်မိနေသည့် လူများအားကယ်ဆယ်ခြင်း စသည်ဖြင့် ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

“အခုလို ကျွန်တော်တို့ဈေးမှာ မီးဘေးကြိုတင်ကာကွယ်ရေးတွေ လုပ်ပေးတာ အရမ်းကောင်းပါတယ်။ မီးသတ်တပ်ဖွဲ့တာဝန်ရှိသူများနဲ့ စေတနာ လူမှုကူညီရေးအသင်းကလည်း တကယ့်မီးဘေးကြုံတွေ့နေရသလို အသေးစိတ်ဇာတ်တိုက်လေ့ကျင့် သရုပ်ပြပေးတော့ တကယ့်အရေးကြုံလာရင် ဘယ်လိုလုပ်ရမယ်၊ လူကိုဘယ်လို ကယ်ထုတ်ရမယ်ဆိုတာ သိရတော့ ဈေးသူ ဈေးသားများအနေနဲ့ အားလုံးပူးပေါင်းဆောင်ရွက်လို့ရပါတယ်”ဟု အဆိုပါ ဈေးမှ အဝတ်အထည်ရောင်းချနေသူတစ်ဦးက ပြောသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ ဦးစီးအရာရှိ ဦးမြင့်ဆွေနှင့်တပ်ဖွဲ့ဝင်များ၊ စေတနာလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးလှထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့် ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**





# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပရောင်းချလျက်ရှိရာ လာရောက်လေ့လာဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမပရဝဏ်အတွင်း ဧရိယာအလိုက် ခင်းကျင်းပြသထားသည့် မြန်မာကျပ်ငွေဖြင့်ရောင်းချပေးမည့် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များကို ကြည့်ရှုရွေးချယ်ကြသည်။

အဆိုပါပြပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာ လုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချော ထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ သက်တမ်းရှိ ဂျီတီစီ (GTC) လိုင်စင်ရယူထားသူများနှင့် ကျောက်မျက်ရတနာကုမ္ပဏီမှတ်ပုံတင်ရရှိပြီးသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင် အသင်းဝင်နိုင်ငံသားများကို တက်ရောက်ခွင့်ပြုထားကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ယူရိုငွေဖြင့် ရောင်းချသည့်ကျောက်မျက်ပြပွဲနှင့် မြန်မာကျပ်ငွေဖြင့်ရောင်းချသည့် ရောင်းချပွဲဟူ၍ တစ်နှစ်လျှင် နှစ်ကြိမ်ခန့် ကျင်းပပေးလျက်ရှိသည်။

ယခုကျောက်မျက်ပြပွဲတွင် ကျောက်မျက်ရိုင်း ၁၅၂ တွဲနှင့် ကျောက်စိမ်းအသားကျောက် ၆၈၂၆ တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ကျောက်မျက်ရိုင်း ၁၅၂ တွဲကို ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ကြည့်ရှုလေ့လာ၍ ဈေးနှုန်းအဆိုပြုလွှာများကို တင်ဒါပုံးများသို့ ထည့်သွင်းနိုင်ပြီး ဒီဇင်ဘာ ၉ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ကျောက်စိမ်းအသားကျောက် ၆၈၂၆ တွဲကို ဒီဇင်ဘာ ၇၊ ၈၊ ၉ ရက်တို့တွင် ကြည့်ရှုလေ့လာ၍ ဈေးနှုန်းအဆိုပြုလွှာများကို တင်ဒါပုံးများသို့ ထည့်သွင်းရမည်ဖြစ်ကာ ဒီဇင်ဘာ ၁၀ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြိတ်မြို့တွင် ပိုလီယိုရောဂါ ကာကွယ်ဆေးအသစ် စတင်ထည့်သွင်းထိုးနှံ

**မြိတ် ဒီဇင်ဘာ ၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေးအသစ်(ပိုလီယိုကာကွယ်ဆေး) စတင်ထည့်သွင်းထိုးနှံခြင်း အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၁၁ နာရီက မြိတ်မြို့ အခြေခံပညာမူလတန်းကျောင်း (မြစ်ငယ်)ကျောင်းတွင် ကျင်းပရာ ဒုတိယခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလွင်လွင်မွန်က ပြည်သူများအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းတွင် ပိုလီယိုကာကွယ်ဆေးအသစ်ထိုးနှံခြင်းကို အသိပညာပေးဆွေးနွေးပြောကြားခဲ့သည်။



ထို့နောက် အခမ်းအနားတက်ရောက်လာကြသော မိခင်များ၏ (၂)လ၊ (၄)လ၊ (၆)လအရွယ် ရင်သွေးငယ်များအား ကျန်းမာရေးဆရာမများက ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသဲရောင်အသားဝါဘီ၊ ဂျပန် ဦးနှောက်ရောင် (၅)မျိုးစပ်ဆေးထိုးခြင်း၊ ပိုလီယိုကာကွယ်ဆေးတိုက်ခြင်း၊ အဆုပ်ရောဂါကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်ပေးနေမှု (၄)လသားကလေးငယ်များကို ပိုလီယိုကာကွယ်ဆေးအသစ် ထိုးနှံပေးခြင်းအား မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ ခရိုင်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သန္တာမျိုးဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

မြိတ်မြို့ရှိ မြို့ပေါ်ရပ်ကွက် (၁၂)ရပ်ကွက်တွင် ကျန်းမာရေးဝန်ထမ်းများက ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေးအသစ်(ပိုလီယိုကာကွယ်ဆေး)စတင် ထည့်သွင်းထိုးနှံပေးလျက်ရှိရာ ယနေ့အထိ ကလေးငယ် ၁၆၀ အား ပိုလီယိုကာကွယ်ဆေးအသစ်ကို ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ခိုင်ထူး(ခရိုင် ပြန်/ဆက်)**

# ကျောက်တံခါးမြို့တွင် ဓာတ်အားလိုင်းမှ လျှပ်စစ်ကြိုးများနှင့် ကွန်ကရစ်မီးတိုင်များ အစားထိုးပြင်ဆင်ပြီးစီး

**ကျောက်တံခါး ဒီဇင်ဘာ ၇**



ကျောက်တံခါးမြို့တွင် ပြည်သူများ လျှပ်စစ်မီးအပြည့်အဝ အသုံးပြုနိုင်ရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ကျောက်တံခါးမြို့ ဗိုလ်ချုပ်လမ်းနှင့် တပင်ရွှေထီးလမ်းထောင့်ဆုံရာ ထရန်စဖော်မာမှ စတင်ပြီး တပင်ရွှေထီးလမ်းတစ်လျှောက် (၁၁)ကေဘီဓာတ်အားလိုင်းမှ ၃၅ ကြိုး များအစား ပိုမိုကောင်းမွန်သည့် ၉၅ ကြိုးများနှင့် အစားထိုးလဲလှယ်ခြင်း၊ ဟောင်းနွမ်းနေသော လျှပ်စစ်မီးတိုင်များအစား ကွန်ကရစ်မီးတိုင်များနှင့် အစားထိုးလဲလှယ်ပေးခြင်းကို ကျောက်တံခါးမြို့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသက်ဆွေဝင်းက ဦးဆောင်ပြီး လျှပ်စစ်ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာ ဒီဇင်ဘာ ၆ ရက် ညနေပိုင်းတွင် ပြီးစီးခဲ့ကြောင်း သိရသည်။

**မျိုးဦး(ကျောက်တံခါး)**

# (၁၆)ခုတင်ဆံ့ ဆေးရုံတည်ဆောက်နေပြီဖြစ်၍ ဒေသနေပြည်သူများစိတ်ချမ်းသာ

**နတ်တလင်း ဒီဇင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်(အနောက်ခြမ်း) တာပွန်မြို့နှင့် ၆ မိုင်ကျော်အကွာ ချဉ်ယုတ်ကွင်းကျေးရွာနှင့် အင်တိုင်းပုကျေးရွာကြား၌ နိုင်ငံတော်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၇ ရက်က မြင်တွေ့ရသဖြင့် တာဝန်ရှိသူများနှင့် ဆေးရုံအဆောက်အအုံ တည်ဆောက်မှုကို တွေ့ဆုံမေးမြန်းကြည့်ရာ ပင်မဆေးရုံအပါအဝင် ဆရာဝန်နေရန် နှစ်ခန်းတွဲတိုက်တစ်လုံး၊ သူနာပြု ဆရာ၊ ဆရာမများနေထိုင်ရန် သုံးခန်းတွဲနှစ်လုံးနှင့် လေးခန်းတွဲသုံးလုံး၊ ကျန်းမာရေးလုပ်သားများနေရန် လေးခန်းတွဲတစ်လုံး စသည့် အဆောက်အအုံများကို သတ်မှတ်ကာလပြီးစီးရေးနှင့် ရေရှည်ခိုင်ခန့်အောင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေး အင်ဂျင်နီယာ ဦးကိုကိုအောင်က လူနာဆောင်၊ ခွဲစိတ်ဆောင်၊ ဆရာဝန်ရုံး၊ သားဖွားခန်း စသည့် အဆောင်များအပါအဝင် ပင်မဆေးရုံအလျား ၁၂၆ ပေ၊ အနံ ၈၉ ပေ၊ အမြင့် ၁၆ ပေ ဖြစ်ပြီး အာစီတစ်ထပ်အဆောက်အအုံဖြစ်ကြောင်း ပြောသည်။

ကရင်ကုန်းရွာနေ ဦးစောထွန်းက “မြို့နဲ့ အလှမ်းကွာဝေးတဲ့နေရာမှ အခုလို ကျန်းမာရေးအတွက် ဆေးရုံတည်ဆောက်ပေးတာ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဒေသမှ ပြည်သူတွေ ကျန်းမာရေးနဲ့ပတ်သက်ရင် အရင်ကလို တာပွန်ဆေးရုံ၊ အင်းမဆေးရုံတို့ကို သွားစရာမလိုတော့ဘဲ အချိန်တိုအတွင်း ကုသနိုင်တော့မှာဖြစ်တယ်။ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရင် ပိုအဆင်ပြေသွားမှာဖြစ်ပါတယ်”ဟု ဒေသနေ ပြည်သူများက ဆန္ဒရှိနေကြောင်း သိရသည်။

**(ဝ၇၁)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၇ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၀)အောက်၊ ကော်လံ (၃) တွင် သတင်းခေါင်းနှင့် ရေတာရှည်သတင်းတွင် (၉၅)နှစ်မြောက် အမျိုးသားနေ့ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်း)**



# Unique မိုးပုံရထားထုတ်လုပ်ရေးကုမ္ပဏီမှ မြန်မာအလုပ်သမားများသေနတ်ပစ်ခံရ

**ဘန်ကောက် ဒီဇင်ဘာ ၇**

ထိုင်းနိုင်ငံရှိ Unique မိုးပျံရထား ထုတ်လုပ်ရေးကုမ္ပဏီမှ မြန်မာ အလုပ်သမားများအား ထိုင်းနိုင်ငံသား လူငယ်တစ်စုက သေနတ်ဖြင့် ပစ်ခတ်သဖြင့် ဒဏ်ရာများရရှိခဲ့ကြရကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand)က ဆက်သွယ်ပြောကြားသည်။

ဖြစ်စဉ်မှာ ထိုင်းနိုင်ငံ ဆာလာပူရီမြို့ နောက်တိုး (၅)ရပ်ကွက် Unique မိုးပျံရထားထုတ်လုပ်ရေးကုမ္ပဏီမှ တည်ဆောက်နေသော မိုးပျံရထား ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ မြန်မာ အလုပ်သမား ၁၇ ဦးမှာ ဒီဇင်ဘာ ၄ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီဝန်းကျင်က ပွဲကြည့်ရာမှအပြန် ထိုင်းနိုင်ငံသား လူငယ်တစ်စုက သေနတ်ဖြင့်ပစ်ခတ်ခဲ့ကြခြင်းဖြစ်ပြီး လက်ရှိအနေအထားအရ သေနတ်ဒဏ်ရာရ မြန်မာအလုပ်သမားများအား အတွင်းလူနာများအဖြစ် ဆေးရုံတင်ပို့ကုသထားကာ ၎င်းတို့မှာ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်မှဖြစ်ကြောင်း သိရသည်။

မြန်မာသံရုံး အထူးအဖွဲ့(၁)မှ အမှုလိုက်ရှေ့နေကြီး ဦးအောင်မျိုးသန့်က "သေနတ်မှန်တဲ့ကလေးတွေက အားလုံး ၁၂ ဦးပါ၊ နှစ်ဦးကတော့ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး နှစ်ဦးကတော့ လက်ရှိပျောက်ဆုံးနေပါတယ်။ ဖြစ်စဉ်တွေအားလုံးကို သံရုံးကစုံစမ်းစစ်ဆေးလျက်ရှိပြီး အခင်းဖြစ်နေရာကိုလည်း အဖွဲ့အစည်းအားလုံးသွားပြီး ကယ်ဆယ်ရေးတွေ လုပ်ဆောင်ခဲ့ကြပါတယ်။ လောလောဆယ်မှာ အခင်းဖြစ်ပွားတဲ့ဖြစ်စဉ်ကို အတိအကျဘာမှမသိရသေးပါဘူး"ဟု ပြောကြားသည်။

ထိုင်းနိုင်ငံ ဆာလာပူရီမြို့ နောက်တိုး(၅)ရပ်ကွက်ရှိ အဆိုပါ Unique မိုးပျံရထားဆောက်လုပ်ရေး လုပ်ငန်းခွင်၌ မြန်မာအလုပ်သမား ၆၀၀ ဝန်းကျင် အလုပ်လုပ်ကိုင်နေကြကြောင်း၊ ထိုင်းနိုင်ငံအတွင်း ယင်းကဲ့သို့သောဖြစ်စဉ်များ မကြာခဏ ဖြစ်ပေါ်လျက်ရှိကြောင်းနှင့် အဆိုပါ ဒဏ်ရာရမြန်မာအလုပ်သမားများ၏ဖြစ်စဉ်အတွက် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း MAT အဖွဲ့မှ သိရသည်။

**(စိုးဝင်း-MLA)**

❖ ❖ ❖

# နိုင်ငံများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများစာအုပ်ထွက်ရှိ

ပါမောက္ခ ဒေါက်တာတင်အောင်အေး ရေးသားသော Constitutions and Constitutional Courts of the Nations စာအုပ် ထွက်ရှိလာသည်။ အဆိုပါစာအုပ်ကို စာရေးသူက အပိုင်း(၃)ပိုင်းခွဲကာ ဖော်ပြထားသည်။

အပိုင်း(၁)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု၏ ရည်ရွယ်ချက်နှင့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ဝေါဟာရ၊ အခေါ်အဝေါ်၊ အသုံးအနှုန်း၊ စကားစုများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသများကို ဖော်ပြထားသည်။

အပိုင်း(၂)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အယူဝါဒများ၊ သဘောတရားများနှင့် အခြေခံမူဝါဒများနှင့် "ဥရောပ၊ အာရှ၊ အာဖရိက၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံနိုင်ငံများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများအား အနီးကပ်လေ့လာသုံးသပ်ခြင်း" ခေါင်းစဉ်အောက်ရှိ ဇယား ၁၊ ၂၊ ၃ နှင့် ၄ တို့တွင် ရှင်းလင်းစွာ အဓိပ္ပာယ်ဖော်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အယူဝါဒများ၊ သဘောတရားများနှင့် အခြေခံမူဝါဒများကို ဖော်ပြထားသည်။

တိကျစွာဆိုရလျှင် Hans Kelsen ၏လက်ရာမြောက်စွာရေးသားထားသော Constitutional Review for Constitutional Justice စာအုပ်ပါ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အယူဝါဒကို သိသိသာသာ ဖော်ညွှန်းထားသည်။

အပိုင်း(၃)တွင် နိုင်ငံတကာအသိအမှတ်ပြုနည်းနာနိသယ၊ အခြေခံမူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများကိုအသုံးပြုကာ ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ အမျိုးအစားများကို ခွဲခြားပေးသည်။ စာရေးသူသည် နိုင်ငံများ၏ ဥပဒေပြုရေး၊




အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး သဘောသဘာဝအရ (Nature of Legislative, Executive and Judiciary of the States) ခွဲခြားထားသော ဖက်ဒရယ်ဝါဒ၊ ဖက်ဒရယ်နိုင်ငံနှင့် ဖက်ဒရိတ်တက်နိုင်ငံများအပေါ် မီးမောင်းထိုးပြထားသည်။

ထို့ပြင် ဇယား(၅)တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအမျိုးအစား (UN Member States and Constitutional Classification) နှင့် Constitutions and Constitutional Courts of the Nations စာအုပ်တို့မှာ စာရေးသူတွေ့ရှိချက်များထဲမှ အဓိကဖော်ပြလိုချက်ပင်ဖြစ်သည်။

# စက်လွှဝယ်ယူကိုင်ဆောင်သူများကြောင့် ကျေးလက်ဒေသများတွင် သစ်ပင်ကြီးများလျော့နည်းလာ

**ရေတာရှည် ဒီဇင်ဘာ ၇**

မြို့ပြနှင့်ကျေးလက်ဒေသများတွင် ချိန်းဆော ဟုခေါ်သည့် စက်လွှများ ဝယ်ယူကိုင်ဆောင်သူ များပြားလျက်ရှိပြီး အခကြေးငွေယူ၍သစ်ပင်များလှဲနေခြင်းကြောင့် ကျေးလက်တောရွာများ၌ သစ်ပင်ကြီးများနှင့်အရိပ်ရပင်များ ရှားပါးလျက်ရှိကြောင်းသိရသည်။

သစ်တောကြိုးဝိုင်းဒေသများတွင် အဆိုပါချိန်းဆောများဖြင့် သစ်ပင်လှဲခြင်းများအပြင် ကျေးရွာများ၌ သစ်ပင်လှဲသည့်အခါ တစ်ပင်လျှင် ကျပ်ခုနစ်ထောင်မှ တစ်သောင်းခွဲအထိကျသင့်ကာ အဓိကအားဖြင့် လောင်စာထင်းရှားပါးခြင်းကြောင့်ဖြစ်ကြောင်း ဒေသခံတစ်ဦးကပြောပြသည်။

"ထင်းရှားတော့ သရက်ပင်၊ ကုက္ကိုလ်ပင်၊ မန်ကျည်းပင်တွေ တအားရှားသွားပြီ။ နှစ်ပေါင်းများစွာရှင်သန်လာတဲ့သစ်ပင်ကြီးတွေ ခဏတွင်းချင်း ထင်းဖြစ်သွားတာ စိတ်မကောင်းစရာပါ။ စက်လွှတွေပေါ်လာတော့ လမ်းဘေးသစ်ပင်တွေလည်း မခံနိုင်တော့ဘူး။ သက်ဆိုင်ရာ တာဝန်ရှိသူတွေက အရေးယူဆောင်ရွက်ဖို့ကောင်းနေပြီ"ဟု ၎င်းက ဆက်၍ပြောသည်။

အဆိုပါ စက်လွှများအား သက်ဆိုင်ရာ သစ်တောဦးစီးဌာနများတွင် မှတ်ပုံတင်ကာ ခွင့်ပြုချက်ဖြင့်သုံးစွဲရမည်ဆိုသော်လည်း အလွယ်တကူဝယ်ယူနိုင်သော အဆိုပါစက်လွှများမှာ ဆိုင်များ၌အလွယ်တကူ ဈေးသက်သာစွာ ဝယ်ယူနိုင်သည့်အတွက် သုံးစွဲမှုမြင့်တက်လာခြင်းဖြစ်ကြောင်း သုံးသပ်မှုများလည်းရှိ နေသည်။

**ကိုလွင်(ဆွာ)**



**သစ်တော သစ်ပင် တို့ချစ်ခင်**

# ဂန္ဓမာပန်းစိုက်ပျိုးတောင်သူများ ရာသီဥတုကောင်းမွန်ပြီး ရေချိုရေအေးရရှိနိုင်သည့်ဒေသများတွင် စီးပွားဖြစ်စိုက်ပျိုး

**ဝန်းသို ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး အုပ်ဖိုကျေးရွာတွင် တောင်သူအချို့သည် ဆောင်းသီးနှံဖြစ်သည့် ဂန္ဓမာပန်း စိုက်ပျိုးခြင်းလုပ်ငန်းကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးသည့်အဆင့်မှ စီးပွားဖြစ် စိုက်ပျိုးသည့်အဆင့်ထိ လုပ်ကိုင်လာကြကြောင်း သိရသည်။

အဆိုပါ အုပ်ဖိုကျေးရွာသည် ဝန်းသို-ကောလင်းသွားလမ်းဘေးတွင် တည်ရှိပြီး အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဥယျာဉ်ခြံစိုက်ခြင်းတို့ လုပ်ကိုင်ကြသည်။ ၎င်းကျေးရွာမှ အရှေ့ဒေါင်းမြူးချောင်းဘေးတွင် တည်ရှိသော လယ်ယာမြေများ ပိုင်ဆိုင်သည့် တောင်သူများအနေဖြင့် စပါး၊ ပြောင်း၊ နေကြာ၊ ကြက်သွန်စသည့် သီးနှံများအပြင် ငရုတ်၊ ခရမ်းချဉ်၊ ခရမ်း၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်စသည်ဖြင့် စုံလင်စွာ စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြသည်။

"ကျွန်မတို့က တောင်သူအကြီးစားကြီးတော့မဟုတ်ပါဘူး။ ဒါပေမယ့် ကိုယ်ပိုင်တဲ့ ဧကဝက်လောက်မြေမှာ ၂၀၁၀လောက် ကတည်းက ဂန္ဓမာပန်းစိုက်ပျိုးလာခဲ့တာပါ။ အရင်စမ်းသပ်စိုက်ပျိုးတုန်းကတော့ အခက်အခဲတွေ ကြုံတွေ့ခဲ့ပါတယ်။ ဈေးကွက်ကလည်း မတည်ငြိမ်၊ လုပ်ကြိုက်ကလည်း နည်းသေးတယ်။ အမြတ်မရပေမယ့် အရှုံးတော့မရှိခဲ့ပါဘူး။ ဂန္ဓမာပန်းပျိုးပင်များကို ပြင်ဦးလွင်မြို့က မှာယူစိုက်ရပါတယ်။ လေးပေ အကျယ်၊ အလျား ပေ၃၀ရှိတဲ့ ပေါင်တစ်ခုပေါ်မှာ အပင်အရေ



အတွက် ၁၀၀၀ လောက်စိုက်ပျိုးနိုင်ပါတယ်"ဟု ဂန္ဓမာပန်းစိုက်ပျိုးသူ တောင်သူတစ်ဦးက ပြောသည်။

"ပန်းပင်ကတော့ ရှင်သန်လာတဲ့အထိ နေ့စဉ် ရေချိုရေအေးအေးနဲ့ တစ်နေ့တစ်ကြိမ် မနက်ပိုင်းမှာ ပိုက်နဲ့ ဖျန်းပေးရပါတယ်။ အခုအပင်အရေအတွက် ၂၅၀၀၀ ပျိုးထောင်စိုက်ပျိုးထားပါတယ်။ အရင်းအနှီးကတော့ စုစုပေါင်း ငွေကျပ်လေးသိန်းလောက်ရှိပါတယ်။ အခုဆွတ်ခူးရောင်းချနေပြီး ခန့်မှန်းအကျိုးအမြတ်အနေနဲ့ ဈေးအတက်အကျပေါ်မူတည်ပြီး သိန်း၂၀လောက်ရမယ်လို့ မျှော်လင့်ပါတယ်။ ရွာက တောင်သူတွေအနေနဲ့ အခုချိန်ထိ ပန်းစိုက်ပျိုးတဲ့ တောင်သူ ၃၀လောက်ရှိလာပါပြီ"ဟု ပန်းစိုက်ပျိုးသူ တစ်ဦးက ပြောသည်။

ဧကများများ စိုက်ပျိုးနိုင်လေ ပိုင်ရှင်အတွက် အဆင်ပြေသည့်အပြင် ရွာက အလုပ်သမားတွေအတွက်လည်း အလုပ်အကိုင်ရပြီး နေ့စဉ်ဝင်ငွေရတဲ့ ပန်းမျိုးဖြစ်ကြောင်း သိရသည်။

"ကျွန်မကတော့ ပန်းတွေထဲမှာ ဒီဂန္ဓမာပန်းကိုပဲ အဓိကဦးစားပေး စိုက်ပါတယ်။ ဒီပန်းကိုနှစ်စဉ် ဩဂုတ်လမှာ စိုက်ပျိုးပါတယ်။ အခုဆိုရင် အချို့တောင်သူတွေ နွေ၊ မိုး၊ ဆောင်း ဆယ့်နှစ်ရာသီပတ်လုံး စိုက်ပျိုးလာကြပါတယ်။ စိုက်ပြီး သုံးလခွဲဆိုရင် ပန်းတွေကို အသင့်ရောင်းချနိုင်ပြီး အောင်မြင်ဖြစ်ထွန်းတဲ့ ပန်းတွေကို နှစ်ရက်ခြား၊ သုံးရက်ခြား ခူးဆွတ်ရောင်းချရပါတယ်။ လက်ကားဖောက်သည်တွေ ရွာထိလာရောက် ဝယ်ယူကြပါတယ်။ သူတို့အတွက်လည်း တစ်နေ့တာ ဝင်ငွေအဖြစ် လေးငါးထောင်လောက်ရကြလို့ ဝမ်းသာပီတိဖြစ်မိပါတယ်။ ကိုယ့်အတွက်သာ အကျိုးဖြစ်ထွန်းရုံမက အလုပ်သမားတွေအတွက်ပါ အကျိုးဖြစ်တဲ့အတွက် ကိုယ့်ဒေသမှာ သာမက ရာသီဥတုကောင်းမွန်ပြီး ရေအေးအေးရရှိနိုင်တဲ့ ဒေသတွေမှာ စိုက်ပျိုးသင့်ပါတယ်"ဟု အုပ်ဖိုကျေးရွာမှ ဂန္ဓမာပန်းစတင်စိုက်ပျိုးသူ မနန်းဝင်းအေးက ပြောပြသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၈ - ၁၂ -၂၀၁၅ (အင်္ဂါနေ့)]

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၄၀ "ကံတရား၏ ဆန်းပြားပုံ" တရားတော် (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၈း၀၀ Cartoon Series (English Playground)
၈း၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၁၁း၀၀ သွားမယ်စားမယ် (Life Cafe')
၁၁း၂၅ Forever Music Tribute Raggae (အပိုင်း-၄) (ဒုတိယပိုင်း)
၁၁း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Exclusive Launch Celebration of The Strand Cruise)
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၁၀)
၁၂း၄၀ ရန်ကုန်မြင်ကွင်းကျယ် (World AIDS Day 2015)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစီအိမ်" (အပိုင်း-၁၁)
၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၃၄)
၄း၀၅ Cartoon Series (English Play ground)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၃၅)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစီအိမ်" (အပိုင်း-၁၂)
၈း၂၅ ရသစုံညွှန်းတမ်းများ
၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၅၉)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၁၁)
၁၀း၂၅ Fashion Week [(MFDG) (Part-4)]
၁၀း၅၀ MRTV-4 Stage
၁၁း၂၀ World of Knowledge (Explorer Top 125 Cradle of the Gods)
၃း၀၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစီအိမ်" (အပိုင်း-၁၂)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှား အားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၆း၄၅ မှတ်တမ်း
၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၄ အမျိုးသားရေးတေးကဗျာ
၈း၁၀ စိုက်ပျိုးသုတ
၈း၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ခရီးလည်းသွားစကားလည်းဆို
၈း၄၅ မြဝတီနေ့စဉ်သတင်း
၉း၀၀ တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင်
၄း၀၈ တစ်ပတ်အတွင်း စိုက်ပျိုးရေးသတင်း
၄း၁၅ အမျိုးသားရေးတေးကဗျာ
၄း၂၀ မျိုးချစ်တပ်မတော်
၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ အင်္ဂလိပ်စာသုတ
၄း၄၅ မြန်မာသံစဉ်ချိုနားဝင်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း အပိုင်း(၇၉)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၅ အမျိုးသားရေးတေးကဗျာ
၆း၁၀ Let's Go
၆း၃၅ Dream Team
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေရောင်သက်တံများ အပိုင်း(၆)
မြဝတီရုပ်မြင်သံကြားသတင်း
အမျိုးသားရေးတေးကဗျာ
နိုင်ငံတကာသတင်း
မိုးလေဝသသတင်း
ဥဥဗ အင်္ဂလိပ်စာသင်ခန်းစာ
ဟာသရုပ်စုံ
ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဘဝသစ်ရဲ့အလင်းရောင် အပိုင်း(၉)

### mitv

07:03 Am News
07:24 The World's Largest Book
07:49 Safari World
08:25 Sai Ye Kwan
08:34 Five-Star Ocean Liners in Myanmar Waters
08:49 Welcome to the Southern most part of Myanmar
09:26 Choral Dance By Female Dancers
09:34 Lively Group Folk Dance of Kayin Nationals
09:38 Distinguished Myanmar Ladies "Tin Moe Lwin"
09:48 Today Myanmar: Soap for Hope
10:26 Crab Business (Part-II) Soft Shell Crab
10:39 Pyin Oo Lwin Sweater
10:48 Kyaikkale pagoda
07:26 A Day Out With Sarah (EP-7)
07:52 Coin Collectors
08:26 Enchanting Rakhine Land
08:45 Entrepreneur "Nan Ei Ei Zar"

## နီးလ်ဟော်ရန်ဆီက အဖြေကိုလိုချင်နေတဲ့ ဂျက်စတင်ဘီဘာ




ယခုလအတွင်းမှာ ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာက သူ့ရဲ့ချစ်သူဟောင်း ဆယ်လီနာဂိုမက်ဇ်အပေါ် စိတ်မကုန်သေးတဲ့အကြောင်းနဲ့ အရင်လိုချစ်နေဆဲဖြစ်တယ်ဆိုတဲ့အကြောင်းတွေကို အကြိမ်ကြိမ်အခါခါ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် ဆယ်လီနာဘက်က တုန့်ပြန်မှုကတော့ အေးစက်စက်ပါပဲ။

ဒီဇင်ဘာ ၄ ရက်က အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့နေတဲ့ သတင်းနဲ့ ဓာတ်ပုံတွေကို မြင်လိုက်ရတဲ့အခါမှာတော့ ဘီဘာအတွက် အလွန်ပဲ အံ့အားသင့်စရာဖြစ်ခဲ့ရပါတယ်။ ယင်းဓာတ်ပုံတွေထဲမှာ ချစ်သူဟောင်း ဆယ်လီနာနဲ့ ဗြိတိန်ပေါ့ပ်တေးဂီတအဖွဲ့ "One Direction"မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ နီးလ်ဟော်ရန်တို့နှစ်ဦးဟာ ဟောလိဝုဒ်ရဲ့လမ်းတွေပေါ် လက်ချင်းတွဲကာ လျှောက်လည်ခဲ့ကြတဲ့ပုံတွေအပြင် ပါတီပွဲတစ်ခုမှာ သူတို့နှစ်ဦးနမ်းနေကြတဲ့ပုံတွေလည်း ပါဝင်ပါတယ်။ ပိုပြီးအံ့သြစရာကောင်းတာက နီးလ်ဟာဘီဘာရဲ့ ခင်မင်ရတဲ့သူငယ်ချင်းတစ်ဦးဖြစ်နေတဲ့အတွက် ဖြစ်ပါတယ်။

အဆိုပါသတင်းကို ကြားခဲ့ရပြီးနောက် ဘီဘာက ယခုဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး အသေးစိတ်ဖြေရှင်းချက်ကို နီးလ်ဆီက လိုချင်ကြောင်းနဲ့ ဒီသတင်းဟာ သူ့အတွက် အလွန်စိတ်ထိခိုက်စေတဲ့သတင်းဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဆယ်လီနာနဲ့ နီးလ်တို့နှစ်ဦးဖက်ကကြည့်ပါက သူတို့နှစ်ဦးရဲ့ ရင်းနှီးမှုဟာ သိပ်တော့မထူးဆန်းပါဘူး။ ၂၀၁၄ ခုနှစ်တုန်းက နီးလ်ဟာ ဆယ်လီနာနဲ့ တွေ့ဆုံဖို့အတွက် လန်ဒန်ကို တကူးတက ပြန်လာခဲ့ဖူးပါတယ်။ သူတို့နှစ်ဦးကြားမှာ ဆက်သွယ်ပေးတဲ့သူကတော့ ဆယ်လီနာရဲ့ အချစ်ဆုံးသူငယ်ချင်းတစ်ဦးဖြစ်တဲ့ ဂရမ်မီဆုများရှင် ပေါ့ပ်အဆိုတော် တေလာဆွစ်ပါ။

ဆယ်လီနာဟာ ယခုလပိုင်းမှာ ဘီဘာနဲ့လည်း မကြာခဏတွေ့ဆုံဖြစ်နေပါတယ်။ ဒါ့ကြောင့် နောက်ဆုံးမှာ ပေါ့ပ်အဆိုတော် ဆယ်လီနာရွေးချယ်လိုက်တဲ့ လက်တွဲဖော်ဟာ ဘယ်သူဖြစ်မယ်ဆိုတာကိုတော့ စောင့်မျှော်ကြည့်ရှုကြရုံသာဖြစ်ပါတယ်။

## ကိတ်သ်အာဘန်၏ဖခင်ကွယ်လွန်



ဩစတြေးလျကန်းထရီးအဆိုတော် ကိတ်သ်အာဘန်၏ဖခင်ဖြစ်သူ ရောဘတ်အာဘန်သည် ပြီးခဲ့သည့်စနေနေ့က ကွယ်လွန်သွားခဲ့ကြောင်း ကိတ်သ်က အီးနယူးစ်သတင်းဌာနသို့ ပြောကြားခဲ့သည်။

ကိတ်သ်က ပြီးခဲ့သည့်သီတင်းပတ်အတွင်းက သူ၏ဖခင်မှာ ဆေးရုံတက်ရောက်ကုသမှုခံယူနေရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ရောဘတ်မှာ ကင်ဆာရောဂါခံစားနေရသူဖြစ်ကာ ယခုအခါ ထိုရောဂါ၏နှိပ်စက်မှုဒဏ်မှ လွတ်မြောက်ကာ ငြိမ်းချမ်းသောအရပ်သို့ ရောက်ရှိသွားခဲ့ပြီဖြစ်ကြောင်း ကိတ်သ်က ဆိုခဲ့သည်။

ဆက်လက်ပြီး ကိတ်သ်က "ကျွန်တော့်ရဲ့ဖခင်က ကန်းထရီးတေးဂီတကို အလွန်နှစ်သက်တဲ့သူပါ။ ကျွန်တော့်ကိုလည်း သူ့စိတ်ကြိုက်ပုံသွင်းခဲ့တာ။ ကျွန်တော့်ဒီနေ့ဖြစ်ပျက်နေတဲ့ အရာတော်တော်များများက ကျွန်တော့်အဖေပုံသွင်းခဲ့လို့ပါ"ဟု ဖခင်ကြီး၏အကြောင်းကို ပြန်ပြောင်းပြောကြားခဲ့သည်။

ထို့ပြင် ကိတ်သ်၏ပြောကြားချက်များအရ သူ၏တေးသီချင်းများစွာတို့တွင်လည်း ဖခင်က လွှမ်းမိုးခဲ့သည့် အကြောင်းအရာများပါဝင်ကြောင်း သိရသည်။ ၂၀၀၂ခုနှစ်က ထုတ်လွှင့်ခဲ့သော ကိတ်သ်၏တေးအယ်လ်ဘမ်"Golden Road"တွင် ပါဝင်သည့် တေးသီချင်း"Song For Dad"သည် ဖခင်အတွက် အမှတ်တရရေးသားခဲ့သော တေးသီချင်းဖြစ်ကြောင်းလည်း ကိတ်သ်က ဆိုခဲ့သည်။

ကိတ်သ်က သူ့ဘဝအတွက် အရေးပါသောသူတစ်ဦးကို ဆုံးရှုံးခဲ့ရခြင်းနှင့်ပတ်သက်၍ မိဘကိုဆုံးရှုံးလိုက်ရတဲ့အချိန်ဟာ ဘယ်အချိန်ပဲဖြစ်ဖြစ် သားသမီးတွေအတွက်တော့ ခက်ခဲတဲ့အချိန်ပါပဲ။ အသက်ကြီးကြီးငယ်ငယ်ပမာနမကျပါဘူး။ အစားထိုးစရာမရှိတဲ့သူကို ဆုံးရှုံးခဲ့ရတာမို့ ဖော်မပြနိုင်လောက်အောင် ပူဆွေးရပါတယ်ဟုလည်း ဖွင့်ဟခဲ့သည်။

## အစ်ဂီအေဇယ်လီယာ၏တေးသီချင်းသစ် "7teen"



ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ မော်ဒယ်တစ်ဦးလည်းဖြစ် ရက်ပ်အဆိုတော်တစ်ဦးလည်းဖြစ်တဲ့ အစ်ဂီအေဇယ်လီယာက သူ့ရဲ့တေးသီချင်းသစ် "7teen"ရဲ့ တစ်စိတ်တစ်ပိုင်းကို အွန်လိုင်းကနေတစ်ဆင့် ထုတ်လွှင့်ခဲ့ပါတယ်။ အစ်ဂီဟာ ယခုနှစ်ကုန်အထိသူ့ရဲ့ တေးသီချင်းသစ်တွေကို ထုတ်လွှင့်သွားမှာ မဟုတ်ကြောင်းပြောကြားခဲ့ပေမယ့် ပရိသတ်တွေနဲ့ ဝေးကွာသွားမှာကြောက်တဲ့အတွက် ယခုကဲ့သို့ ထုတ်လွှင့်ခဲ့ရခြင်းဖြစ်ကြောင်း အေ့ရှ်းဘေ့စ်ဒေ့ါကွန်းမှာ ဖော်ပြခဲ့ပါတယ်။

ယင်းစက္ကန့်နှစ်ဆယ်သာကြာမြင့်တဲ့ တေးသီချင်းသစ်ဟာ အစ်ဂီရဲ့ ဒုတိယမြောက်တေးအယ်လ်ဘမ် "Digital Distortion"မှာ ပါဝင်မယ့်တေးသီချင်းတစ်ပုဒ်လည်းဖြစ် ပါတယ်။

ဆက်လက်ပြီး အစ်ဂီက လတ်တလောတွင် တေးအယ်လ်ဘမ်သစ်အတွက် တေးသီချင်းများ အသံသွင်းခြင်းလုပ်ငန်းများပြီးဆုံးနေပြီဖြစ်သော်လည်း ကောင်းသည်ထက်ကောင်းအောင် ကြိုးစားပြုပြင်နေသည့်အတွက် အချိန်ယူနေခြင်းဖြစ်ကြောင်းနဲ့ လာမယ့်သီတင်းပတ်အနည်းငယ်အတွင်းမှာ အပြီးသတ် ထုတ်လုပ်နိုင်ရန်စီစဉ်နေကြောင်းလည်း ပြောကြားခဲ့ပါတယ်။

အေးပြည့် - ရေးသားသည်

## အင်စတာဂရမ်စာမျက်နှာမှာ ပရိသတ် ခုနစ်သန်းကျော်သွားပြီဖြစ်တဲ့ G-Dragon

တောင်ကိုရီးယားနာမည်ကျော် အမျိုးသားပေါ့ပ်တေးဂီအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIGBANG" မှ အဖွဲ့ဝင် G-Dragon ဟာ သူ့ရဲ့အင်စတာ ဂရမ်စာမျက်နှာပေါ်မှာ ပရိသတ် ခုနစ်သန်းကျော်ရရှိခဲ့ပြီဖြစ်ကာ သူဟာ တောင်ကိုရီးယားအနုပညာရှင်များအနက် အွန်လိုင်းပေါ်မှာ ပရိသတ်အများဆုံး ရရှိထားတဲ့ တေးသံရှင်တစ်ဦး ဖြစ်ပါတယ်။

ယခုကဲ့သို့ အွန်လိုင်းပရိသတ်များ ရရှိခဲ့ခြင်းအတွက် ဂုဏ်ယူကြောင်းနဲ့ သူရရှိထားတဲ့ပရိသတ်အရေအတွက်ကို ဖော်ပြနေတဲ့ သူ့ရဲ့အင်စတာဂရမ်စာမျက်နှာကို ရိုက်ကူးထားတဲ့ဓာတ်ပုံကိုတွဲ ဖက်ကာ G-Dragon က ဒီဇင်ဘာ ၆ရက်၌ အွန်လိုင်းမီဒီယာမှာ ဖော်ပြခဲ့ပါတယ်။

သူ့ရဲ့နောက်ဒုတိယနေရာမှ ရပ်တည်နေတဲ့သူကတော့ "Girls' Generation" အဖွဲ့ဝင်တေး ယွန်ဖြစ်ပြီး ပရိသတ် ၅ ဒသမ ၅ သန်းရှိပါတယ်။ တတိယနေရာမှာတော့ "EXO"ရဲ့ အဖွဲ့ဝင် ချန်းယိုက ရပ်တည်နေပါတယ်။

**ဒီဇင်ဘာ ၉ ရက် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ**

| | | | |
|---|---|---|---|
| ပီအက်စ်ဂျီ | - | ရှက်တာဒိုးနက် | နံနက်-၂း၁၅ |
| ရီယဲလ်မက်ဒရစ် | - | မယ်လ်မို | နံနက်-၂း၁၅ |
| ဝုဖ်ဘတ် | - | မန်ယူ | နံနက်-၂း၁၅ |
| ပီအက်စ်ဗွီ | - | CSKAမော်စကို | နံနက်-၂း၁၅ |
| ဘင်ဖီကာ | - | အက်သလက် | နံနက်-၂း၁၅ |
| ဂါလာတာစာရေး | - | အက်စတာနာ | နံနက်-၂း၁၅ |
| မန်စီးတီး | - | မိုချင်ဂလက်ဘတ် | နံနက်-၂း၁၅ |
| ဆီဗီလာ | - | ဂျူဗင်တပ် | နံနက်-၂း၁၅ |

**ဒီဇင်ဘာ ၆/၇ ရက် အနိုင်/အရှုံးရလဒ်များ**

**ပရီမီယာလိဂ် ပွဲစဉ် - ၁၅**

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | ၂ | - | ၀ | လီဗာပူး |

**စီးရီးအေ ပွဲစဉ်-၁၅**

| | | | | |
|---|---|---|---|---|
| ဆမ်ဒိုးရီးယား | ၁ | - | ၃ | ဆာစူအိုလို |

**လာလီဂါ ပွဲစဉ်-၁၄**

| | | | | |
|---|---|---|---|---|
| ဗီလာရီးယဲလ် | ၂ | - | ၁ | ဗယ်လီကာနို |
| စပို့တင်းဂီဂျွန် | ၃ | - | ၁ | လက်စ်ပါးမက်စ် |
| ဘီဘာအို | ၀ | - | ၀ | မာလာဂါ |

**ဘွန်ဒက်လီဂါ ပွဲစဉ်-၁၅**

| | | | | |
|---|---|---|---|---|
| စတုဂတ် | ၁ | - | ၁ | ဝါဒါဘရီမင် |
| ဖရန့်ဖတ် | ၀ | - | ၁ | ဒမ်စတက် |

**ပြင်သစ်လီဂူ ပွဲစဉ် - ၁၇**

| | | | | |
|---|---|---|---|---|
| ဘော်ဒိုး | ၁ | - | ၀ | ဂူအင်ဂမ့် |
| စိန့်အက်တီယန် | ၁ | - | ၁ | ရင်းနက်စ် |

**မောင်မောင်ဇော်**

# စဉ့်ကိုင်မြို့နယ်တွင် ဒီဇင်ဘာအားကစားလှုပ်ရှားမှု ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**စဉ့်ကိုင် ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ အားကစားလလှုပ်ရှားမှု ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဒီဇင်ဘာ ၆ ရက် ညနေ ၅ နာရီက စဉ့်ကိုင်မြို့ မြို့မရပ်ကွက်အားကစားကွင်းတွင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ ပြိုင်ပွဲဝင်အမျိုးသား ၄၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် သခွားသီး၊ ဘဲဥ၊ ကိုခိုင်၊ အောင်ခိုင်လင်း၊ ညောင်ဝန်းကုန်း၊ ကြည်ရွာ၊ ရန်နိုင်၊ မြို့မအသင်း ရှစ်သင်းပါဝင်သည်။ လေးသင်းအုပ်စုပတ်လည်ဖြင့် ယှဉ်ပြိုင်၍ ပြိုင်ပွဲအပြီးတွင် ပထမဆုရရှိသည့် ဘဲဥအသင်းကို စဉ့်ကိုင်မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဒေါ်စန်းစန်းအေးက ဆုငွေကျပ် ၅၀၀၀၀ နှင့် ဒုတိယဆုရရှိသည့် ရန်နိုင်အသင်းကို မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးစိုးထွန်းက ဆုငွေကျပ် ၃၀၀၀၀ ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

## မင်းတပ်မြို့၌ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲနှင့် အေရိုးဗစ်သင်တန်းဖွင့်

**မင်းတပ် ဒီဇင်ဘာ ၇**

မင်းတပ်မြို့ရှိ အထက-၃ ကျောင်းနှင့် အလကကျောင်းများမှ ကျောင်းသားကျောင်းသူများအတွက် ဒီဇင်ဘာအားကစားလအတွင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲနှင့် အေရိုးဗစ်သင်တန်းကို မင်းတပ်မြို့ မြို့မဘောလုံးကွင်း၌ ဒီဇင်ဘာ ၅ ရက်တွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကို စတုတ္ထတန်းမှ ဒသမတန်းအထိ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး ဘောလုံးပြိုင်ပွဲနှင့် အေရိုးဗစ်သင်တန်းကို ဒီဇင်ဘာ ၂၆ ရက်အထိ အပတ်စဉ်(စနေနေ့)တိုင်း ကျင်းပသွားမည်ဖြစ်သည်။ **ခရိုင်(ပြန်/ဆက်)**

## ကန့်ဘလူ၌ ဒီဇင်ဘာအားကစားလ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများ ကျင်းပ

**ကန့်ဘလူ ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် ဒီဇင်ဘာအားကစားလ ပြေးခုန်ပစ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပလျက်ရှိကြောင်းသိရသည်။

အဆိုပါအားကစားပြိုင်ပွဲများတွင်အလယ်တန်းအဆင့်မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀ အပြေးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူပေါင်း ၉၆ ဦး၊ မူလတန်းအဆင့်မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀ ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူပေါင်း ၇၂ ဦးနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အလယ်တန်းအဆင့်အသင်း ၁၀ သင်းမှ ကျောင်းသား ၅၀ တို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူးဖလား အသက်(၂၀)အောက်နှင့် အလွတ်တန်းဖိတ်ခေါ်စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၇**

ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူးဖလား အသက်(၂၀)အောက်နှင့် အလွတ်တန်းဖိတ်ခေါ် စစ်တုရင်ပြိုင်ပွဲဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားခန်းမ၌ ကျင်းပသည်။

ထို့နောက်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးကျော်က အသက်(၂၀) အောက်ဖိတ်ခေါ်စစ်တုရင်ပြိုင်ပွဲတွင် တတိယဆုရရှိသော မချောနန္ဒာလတ် (လောင်းလုံးမြို့နယ်)၊ ဒုတိယဆုရရှိသော မောင်ချမ်းအေး (လောင်းလုံးမြို့နယ်)၊ ပထမဆုရရှိသောမောင်ထူးပြည့်စိုး(လောင်းလုံးမြို့နယ်) တို့အား တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပြီး ထားဝယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးရန်နိုင်မောင်က အလွတ်တန်းဖိတ်ခေါ်စစ်တုရင်ပြိုင်ပွဲတွင် တတိယဆုရရှိသော ဦးညဏ်ရှိန်(ထားဝယ်မြို့နယ်)၊ ဒုတိယဆုရရှိသော ဦးထွန်းကျော်ဦး(သရက်ချောင်း မြို့နယ်)၊ ပထမဆုရရှိသော ဦးဇော်ထွန်းအောင် (ထားဝယ်မြို့နယ်) တို့အား တစ်ဦးချင်း ဆု၊ ငွေသားဆုနှင့် ဂုဏ်ပြုလက်မှတ်များချီးမြှင့်သည်။

ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူးဖလားအသက်(၂၀)အောက်နှင့် အလွတ်တန်းဖိတ်ခေါ် စစ်တုရင်ပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ ပြိုင်ပွဲဝင်အားကစားသမား ၃၈ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ချန်ပီယံလိဂ် (၁၆) သင်းလမ်းကြောင်းပေါ် ဘယ်အသင်းတွေ တက်ရောက်လာဦးမလဲ

**နိုင်လင်းကြည်**

ယခုတစ်ပတ် ဒီဇင်ဘာ ၉ ရက်နဲ့ ၁၀ ရက်တို့မှာ ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်တွေထဲက နောက်ဆုံးပွဲစဉ် ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေအနက် ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ကို တက်လှမ်းသွားတဲ့ အသင်းတွေပါဝင်ခဲ့သလို အခုပွဲစဉ်ပြီးမှ ချန်ပီယံလိဂ်(၁၆)သင်းလမ်းကြောင်းပေါ်ကို တက်လှမ်းသွားမယ့် အသင်းတွေလည်း ထပ်မံထွက်ပေါ်လာမှာဦးမှာမို့ ပရိသတ်ကို ဖမ်းစားဦးမယ့် ပွဲစဉ်တွေလို့ ဆိုရမှာပါ။

အုပ်စု(A)မှာ ရီးယဲလ်နဲ့ ပီအက်စ်ဂျီတို့က (၁၆)သင်းအဆင့်ကို တက်သွားပါပြီ။ ဒါပေမယ့် ရီးယဲလ်က လက်ကျန်ပွဲအဖြစ် မယ်လ်မိုနဲ့ ကစားရဦးမှာဖြစ်သလို ပီအက်စ်ဂျီကလည်း ရှက်ခ်တာဒိုးနက်စ်ခ်နဲ့ ကစားရဦးမှာပါ။ အဲဒီမှာ ပီအက်စ်ဂျီနဲ့ ရီးယဲလ်က (၁၆)သင်းအဆင့်တက်ဖို့ သေချာသွားပြီဖြစ်သလို ရှက်ခ်တာဒိုးနက်စ်ခ်နဲ့ မယ်လ်မိုကလည်း လက်ရှိတစ်ပွဲကျန်မှာ ရမှတ်က သုံးမှတ်စီပဲရထားတာမို့ ချန်ပီယံလိဂ်ကတော့ ထွက်ရဖို့သေချာနေပြီ။ ဒါပေမယ့် ဒီနှစ်သင်းမှာ မျှော်လင့်ချက်က ယူရိုပါလိဂ်ပဲဖြစ်တယ်။ ဒါကြောင့် အခုလာမယ့်ပွဲစဉ်မှာ ရှက်ခ်တာဒိုးနက်စ်ခ်နဲ့ မယ်လ်မိုဘယ်အသင်းထဲက ဘယ်အသင်းယူရိုပါလိဂ်မှာ အသက်ဆက်ရှင်မလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းနေတယ်။ ဖြစ်တန်ချေကတော့ ပီအက်စ်ဂျီနဲ့တွေ့မယ့် ရှက်ခ်တာဒိုးနက်စ်ခ်ပါ။

အုပ်စု(B)မှာ ဝုဖ်ဘတ်၊ မန်ယူနဲ့ ပီအက်စ်ဗွီတို့ ချန်ပီယံလိဂ်နောက်တစ်ဆင့်တက်ဖို့ အားပြိုင်နေရတဲ့ အနေအထား၊ ဝုဖ်ဘတ်က ကိုးမှတ်၊ မန်ယူက ရှစ်မှတ်နဲ့ ပီအက်စ်ဗွီက ခုနစ်မှတ်ရထားတယ်။ အဲဒီမှာ အုပ်စုထိပ်ဆုံးက ရပ်တည်နေတဲ့နှစ်သင်းက လက်ကျန်ပွဲမှာထိပ်တိုက်တွေ့နေတယ်။ စီအက်စ်ကေအေက ရမှတ်လေးမှတ်သာရထားတယ်။ ဒါကြောင့် လက်ရှိအချိန်ထိ ချန်ပီယံလိဂ်ဝင်ခွင့်ဆက်ရမယ့်အသင်းကို အပိုင်ပြောလို့မရသေးသလို ချန်ပီယံလိဂ်ပြိုင်ပွဲကို လက်ပြနှုတ်ဆက်ကာ ယူရိုပါလိဂ်တင်ကျန်ရစ်မယ့်အသင်းလည်း သေချာမပြောနိုင်သေးတဲ့အနေအထားပါ။ အဲဒါကြောင့် လက်ရှိပွဲစဉ်မှာ စိတ်ဝင်စားစရာအကောင်းဆုံးအုပ်စုက အုပ်စု(B)လို့ ဆိုရမှာပါ။

အုပ်စု(C)မှာ အက်သလက်တီကိုမက်ဒရစ်နဲ့ ဘင်ဖီကာတို့ (၁၆)သင်းအဆင့်အတွက် ဝင်ခွင့်လက်မှတ်တစ်စောင်အပိုင်ဝယ်ထားပြီးသလိုဖြစ်နေပြီ။ ဒီအုပ်စုမှာ ပြိုင်ဆိုင်မှုဆိုလို့ ချန်ပီယံလိဂ်ပြိုင်ပွဲဆိုပေမယ့် ယူရိုပါလိဂ်မှာ အသက်ဆက်ရှင်သန်ဖို့ပဲ ဂါလာတာစာရေးနဲ့ အက်စ်တာနာတို့ အကြိတ်အနယ်ယှဉ်ပြိုင်ရမယ့်အနေအထားပါ။ အက်သလက်တီကိုမက်ဒရစ်နဲ့ ဘင်ဖီကာတို့အတွက်ကတော့ အုပ်စုပထမနေရာအတွက်ပဲ ယှဉ်ပြိုင်ရမှာပါ။ ဒါကြောင့် ယူရိုပါလိဂ်မှာကျန်ရစ်ဖို့အတွက် ပြိုင်ရမယ့် အောက်ဆုံးနှစ်သင်းအနက် အိမ်ရှင်ဖြစ်တဲ့ ဂါလာတာစာရေးဘက်ကို ရလဒ်က တစ်ဖက်စောင်းသွားလေမလား။

အုပ်စု (D)မှာ ဂျူဗင်တပ်နဲ့ မန်စီးတီးကတော့ နောက်တစ်ဆင့်တက်သွားပါပြီ။ ဒီအုပ်စုမှာ ယူရိုပါလိဂ်ဝင်ခွင့်နဲ့ ဥရောပပြိုင်ပွဲမှာ ရှင်သန်ကျန်ရစ်ဖို့ကတော့ မိုချန်ဂလာဘတ်နဲ့ ဆီဗီလာတို့က အဓိကအားပြိုင်ရမှာမို့ စိတ်ဝင်စားမှုအပြည့်ပေးနေပါတယ်။ ဒါပေမယ့် မန်စီးတီးနဲ့ ဂလာဘတ်ထိပ်တိုက်တွေ့နေတာကြောင့် ဂလာဘတ်အနိုင်ရခဲ့ရင်တော့ ဥရောပပြိုင်ပွဲရှင်သန်ခွင့်အဖြစ် ယူရိုပါလိဂ်မှာ ဂလာဘတ်တင်ကျန်သွားမလားဆိုတာလည်း စိတ်ဝင်စားဖို့ကောင်းနေပါတယ်။




အုပ်စု (E)မှာ ဘာစီလိုနာတစ်သင်းပဲ နောက်တစ်ဆင့်တက်ဖို့ သေချာခဲ့တာတွေ့ရတယ်။ ရိုးမားနဲ့ လေဗာကူဆင်က ငါးမှတ်စီနဲ့ ဘိတ်ဘိုရီဆော့ဗ်က လေးမှတ်ရထားတယ်။ အခုပွဲစဉ်မှာ ရိုးမားနဲ့ ဘိတ်ဘိုရီဆော့ဗ်က ထိပ်တိုက်တွေ့နေတယ်။ လေဗာကူဆင်ကတော့ ဘာစီလိုနာနဲ့တွေ့မှာမို့ ဘာစီလိုနာက အနိုင်ပေးပြီးတဲ့ခါ သွားရင် ရိုးမားနဲ့ ဘိတ်ဘိုရီဆော့ဗ်တို့ပွဲစဉ်က သရေပွဲဖြစ်သွားရင်တော့ လေဗာကူဆင်အတွက် အခွင့်အရေးပါ။ ဒါပေမယ့် ဒီအုပ်စုမှာ ခြေစွမ်းပိုင်းတွေအရ အောက်သုံးသင်းက အကဲဖြတ်ဖို့ ခက်တာမို့ ခဲလေသမျှ သဲရေကျမယ့်အသင်းဟာ ဘယ်အသင်းဖြစ်သွားမလဲဆိုတော့ စောင့်ကြည့်ရဦးမှာပါ။

အုပ်စု(F)မှာ ဘိုင်ယန်ကတော့ ၁၂ မှတ်ရထားလို့ ပူပန်မှုကင်းကင်းနဲ့ ကစားလို့ရပါပြီ။ အိုလံပီယာကော့ကတော့ ရမှတ်ကိုးမှတ်ရထားပေမယ့် သေချာတဲ့အနေအထားမရသေးပါဘူး။ အာဆင်နယ်ကတော့ ဒဏ်ရာရကစားသမားတွေအတော်များနေတာရယ်၊ ပြီးတော့ အခုထိပ်တိုက်တွေ့နေတာကလည်း အိုလံပီယာကော့စ်ဖြစ်နေတာမို့ အိမ်ကွင်းမှာတောင် အိုလံပီယာကော့စ်ကိုရှုံးထားတာမို့ ယူရိုပါလိဂ်နဲ့ပဲ ကျေနပ်ရလေမလား။ အိုလံပီယာကော့စ်ကို ဂိုးပြတ်အနိုင်ရပြီး အာဆင်နယ် နောက်တစ်ဆင့်တက်သွားမလားဆိုတာလဲဆိုတာ စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။ ဒါပေမယ့် ဒိုင်နမိုဇာဂရက်အတွက်တော့ ရမှတ်သုံးမှတ်သာရထားတယ်။ ဒါကြောင့် အာဆင်နယ်နဲ့ အိုလံပီယာကို့စ်တို့ရဲ့ ဥရောပပြိုင်ပွဲတစ်နေရာကတော့ အခုပွဲစဉ်က အဆုံးအဖြတ်ဖြစ်လာမှာပါ။

အုပ်စု(G)မှာ မက်ကာဘီတဲလ်အဗစ်က ရမှတ်တစ်မှတ်မှ မရသေးတာမို့ ကျန်တဲ့ ချယ်လ်ဆီး၊ ပေါ်တိုနဲ့ ဒိုင်နမိုကိဗ်တို့ထဲက ဘယ်အသင်း ချန်ပီယံလိဂ်(၁၆)သင်းအဆင့် တက်သွားမလဲဆိုတာ စိတ်ဝင်စားစရာဖြစ်ပါတယ်။ ဒီသုံးသင်းမှာ ချယ်လ်ဆီးနဲ့ ပေါ်တိုက ၁၀ မှတ်စီရထားသလို ဒိုင်နမိုကိဗ်ကလည်း ရှစ်မှတ်ရထားတယ်။ ချယ်လ်ဆီးနဲ့ ပေါ်တိုတို့ပွဲစဉ်ဟာ သရေပွဲဖြစ်လို့မရသလို ဒိုင်နမိုကိဗ်ကလည်း မက်ကာဘီတဲလ်အဗစ်ကို ရှုံးလို့မဖြစ်ဘူး ချယ်လ်ဆီးနဲ့ ပေါ်တိုသရေကျပြီး ဒိုင်နမိုကိဗ်က နိုင်ပွဲရခဲ့ရင် လက်ရှိအုပ်စုမှာ ဦးဆောင်နေတဲ့ နှစ်သင်းအနက် တစ်သင်းက ယူရိုပါလိဂ်ကို ရောက်သွားနိုင်တာမို့ ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ကို ဘယ်နှသင်းတက်သွားမလဲဆိုတာ စောင့်ကြည့်ရဦးမှာပါ။

အုပ်စု(H)မှာ ဇင်းနစ်ကတော့ နောက်တစ်ဆင့်အတွက် သေချာသွားပြီ။ ဂျန့်နဲ့ ဗလင်စီယာ နှစ်သင်းထဲက ဘယ်အသင်း (၁၆)သင်းအဆင့် တက်လာမလဲဆိုတာ စိတ်ဝင်စားစရာပါ။ လိုင်ယွန်ကတော့ ရမှတ်တစ်မှတ်သာရထားလို့ ဥရောပပြိုင်ပွဲကနေ ထွက်ရဖို့ သေချာနေပြီ။ ဗလင်စီယာကတော့ လိုင်ယွန်နဲ့ တွေ့မှာမို့ လိုင်ယွန်ကို အနိုင်ကစားနိုင်ခဲ့ရင် ချန်ပီယံလိဂ်နောက်တစ်ဆင့်အတွက် အခွင့်အရေးရမှာဖြစ်တယ်။ ဂျန့်ကတော့ ဇယားထိပ်က ဇင်းနစ်နဲ့ တွေ့မှာမို့ ဂျန့်အတွက် အခွင့်အလမ်းဆိုတာ ဇင်းနစ်ပေါ်မှာပဲ မူတည်နေတယ်။ ဒါကြောင့် ယူရိုပါလိဂ်ပြိုင်ပွဲမှသာ ကျေနပ်နှစ်သိမ့်ရမယ့် အသင်းဟာ ဂျန့်လား ဗလင်စီယာလားဆိုတာတော့ အခုပွဲစဉ်က အဆုံးအဖြတ်ဖြစ်လာမှာပါ။

# ပွင့်လင်းရာသီကာလအတွင်း မီးဘေးကင်းစင်ရေး မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးခြင်းများ ဆောင်ရွက်

**သထုံ ဒီဇင်ဘာ ၇**

ပူပြင်းခြောက်သွေ့လာသည့် ပွင့်လင်းရာသီကာလတွင် မီးဘေးအန္တရာယ်ကင်းဝေးပြီး ပြည်သူများအေးချမ်းစွာနေထိုင်နိုင်ရန်အတွက် မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ မြို့နယ်များတွင် ယခုလအတွင်း မီးဘေးလုံခြုံရေးလုပ်ငန်းများကို တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးကာ လိုအပ်သည်များ အကြံပြုဆွေးနွေးခြင်းတို့ကို လိုက်လံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"သထုံခရိုင်ထဲက မြို့နယ်တိုင်းမှာ မီးဘေးအန္တရာယ်ကင်းစင်ဖို့အတွက် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးကြပ်မတ်ပြီးတော့ မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသတာမျိုးကိုလည်း ကျေးရွာတော်တော်များများမှာ ပြုလုပ်ခဲ့တယ်။ ဈေး၊ စက်ရုံ၊ အလုပ်ရုံတွေနဲ့ အခြားလုပ်ငန်းတွေမှာလည်း သတ်မှတ်ထားတဲ့ အရေးပေါ်မီးငြိမ်းသတ်ပစ္စည်းတွေ ရှိ-မရှိစစ်ဆေးပြီး မီးလောင်မှုဖြစ်ပွားနိုင်တဲ့ အကြောင်းအရင်းတွေကို သတိမူကြဖို့ ဆွေးနွေးအကြံပြုခဲ့ပါတယ်။ မီးလောင်မှုဖြစ်ပွားရင် အဓိကအရေးကြီးတာက မီးသတ်ယာဉ်အဝင်အထွက်လမ်း အဆင်ပြေဖို့ပါပဲ။ ဒါကို ပြည်သူတွေနားလည်စေဖို့ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ပူးပေါင်းပြီး ရပ်ကွက်၊ ကျေးရွာအတွင်းမှာ မီးသတိပေးနှိုးဆော်တာကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်မှာပါ" ဟု သထုံခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်းက ပြောသည်။

သထုံခရိုင်တွင် ယခုနှစ်အတွင်း ဇန်နဝါရီလမှ နိုဝင်ဘာလကုန်အထိ အကြောင်းအမျိုးမျိုးကြောင့် မီးလောင်မှု (၁၄) ကြိမ်ဖြစ်ပွားခဲ့ပြီး လာမည့်ကာလများအတွင်း မီးလောင်မှုဖြစ်ပွားနှုန်း လျော့ပါးနိုင်စေရန်အတွက် မြို့နယ်အသီးသီးရှိ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဒေသခံများပူးပေါင်းကာ မီးဘေးလုံခြုံရေးကို ဆောင်ရွက်နေကြောင်း ခရိုင်မီးသတ်ဦးစီးဌာနမှသိရသည်။ **သက်ဦး(သထုံ)**

## ကန့်ဘလူမြို့ရှိ မင်းမြင်ဆည် ရေလှောင်တမံ ပေါင်မြှင့်တင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်



**ကျွန်းလှ ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ မင်းမြင်ဆည်ရေလှောင်တမံပေါင်အား ထပ်မံမြှင့်တင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းမြင်ဆည်ရေလှောင်တမံ၏ လက်ရှိတမံအမြင့်ထက် ငါးပေထပ်မံမြှင့်တင်ခြင်းဖြစ်ပြီး တမံအလျားကိုလည်း ပေ ၃၀၀ အထိ ဆက်လက်တိုးချဲ့ဆည်ဖို့သွားမည့်အပြင် အရေးပေါ်အကူရေပိုလွှဲ တစ်ခုကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်သည်။ လုပ်ငန်းပြီးစီးသွားပါက အမြင့်ပေ ၉၃၊ တမံအလျား ၂၆၅၀ ပေရှိမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မင်းမြင်ဆည်ရေလှောင်တမံသည် ကန့်ဘလူမြို့နယ်အတွင်းတည်ရှိ၍ ပြီးခဲ့သည့်ဇူလိုင်လက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တမံပေါင်ပေါ်ရေလျှံကျမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြင်းမူမြို့နယ်စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြိုင်ပွဲအတွက် စာမူများဖိတ်ခေါ်

**မြင်းမူ ဒီဇင်ဘာ ၇**

မြင်းမူမြို့နယ် စာရေးဆရာအသင်းနှင့် ပညာရေးဌာနတို့ပူးပေါင်းကျင်းပမည့် ၁၃၇၇ ခုနှစ် နတ်တော်လစာဆိုတော်ရာသီ စာပေပြိုင်ပွဲနှင့် စာပေဟောပြောပွဲကျင်းပရန် မြို့နယ်ကျင်းပရေးကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်ရရှိပြီဖြစ်ကြောင်း သိရသည်။

နတ်တော်လ စာဆိုတော်ရာသီစာပေပြိုင်ပွဲတွင် စာစီစာကုံးပြိုင်ပွဲကို မြင်းမူမြို့နယ်အတွင်းရှိ အလယ်တန်း၊ အထက်တန်းကျောင်းများမှ (၈၊ ၉၊ ၁၀) တန်းကျောင်းသူ၊ ကျောင်းသားများ ပါဝင်ယှဉ်ပြိုင်နိုင်ကြရန် စီစဉ်ထားသည်။

အလွတ်တန်းစာပေပြိုင်ပွဲအနေဖြင့် ဝတ္ထုတိုပြိုင်ပွဲတွင် 'မေတ္တာရိပ်'ခေါင်းစဉ်ဖြင့် A4 ၁၅ မျက်နှာထက်မများ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲကို 'စာဖတ်ခြင်းကျေးဇူး' ခေါင်းစဉ်ဖြင့် A4 ၁၀ မျက်နှာထက်မများ ရေးသားရမည်ဖြစ်သည်။

ကဗျာပြိုင်ပွဲကို 'ဇာတိမြေ' ခေါင်းစဉ်ဖြင့် နှစ်သက်ရာကဗျာစပ်နည်းကို အသုံးပြု၍ရေးဖွဲ့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ စာမူပေးပို့ရာတွင် ကိုယ်ရေးရာဇဝင်အကျဉ်းနှင့် ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်တို့နှင့်အတူ ဆက်သွယ်ရန်လိပ်စာကိုပါ ထည့်သွင်းရေးသား ပေးပို့ရမည်ဖြစ်သည်။

စာမူပေးပို့ရန်အတွက် ဦးတင်မြင့် (နေမျိုးသန့်) သဇင်လမ်း ဘုရင့်နောင်ရပ် မြင်းမူမြို့ ဖုန်း-၀၇၁-၄၀၁၁၃ သို့ လိပ်မူ၍ ဒီဇင်ဘာ ၃၁ ရက် အရောက်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **(၆၂၄)**

## ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်

**ကြာအင်းဆိပ်ကြီး ဒီဇင်ဘာ ၇**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ပြည်သူများ၏ လိုအပ်ချက်များအား တစ်နေရာတည်းနှင့် အချိန်တိုအတွင်း ငွေကုန်ကြေးကျသက်သာစွာ ပြည်သူ့ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ပြည်သူ့ဝန်ဆောင်မှုရုံး one stop shops ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဖွင့်လှစ်ထားကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှုရုံးအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ အခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ လျှပ်စစ်လုပ်ငန်း၊ မီးသတ်နှင့် ပြည်သူ့ရဲဌာနကိုးခုဖြင့် ပြည်သူများ၏ လိုအပ်ချက်များအား တစ်နေရာတည်းနှင့် အချိန်တိုအတွင်း ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဖွင့်လှစ်ထားသည်။ **မြို့နယ်(ပြန်/ဆက်)**

STI MYANMAR UNIVERSITY
University of Bedfordshire
STI MU နှင့် University of Bedfordshire (UK) တို့ပူးပေါင်း၍ဖွင့်လှစ်ပါသည်
Faculty of Business
MBA
• ဘွဲ့ တစ်ခုခုရရှိပြီးသူများ (သို့မဟုတ်) ACCA အောင်မြင်ပြီးသူများ (သို့မဟုတ်) ဒီပလိုမာတစ်ခုခုရရှိပြီး လုပ်သက်(၃)နှစ်ရှိသူများ လျှောက်ထားနိုင်ပါသည်။
BA (Hons) Business Administration
BA (Hons) Accounting
• တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများနှင့် GCE 'O' အောင်မြင်ပြီးသူများလျှောက်ထားနိုင်ပါသည်။
• သင်တန်းကာလ (၃)နှစ် (၆)လကြာမြင့်ပြီး အောင်မြင်ပါက အင်္ဂလန်နိုင်ငံ၏အထင်ကရအစိုးရတက္ကသိုလ်ကြီးဖြစ်သည့် University of Bedfordshire မှ ဘွဲ့ရရှိပါမည်။
• STIMU မှ Advanced Diplomaအောင်မြင်ပြီးသူများ နောက်ဆုံးနှစ်သို့တိုက်ရိုက်တက်ရောက်နိုင်ပါသည်။
• LCCI, CIMA, ACCA (Paper F1-F9) အောင်မြင်ပြီးသူများ ဘာသာရပ်ဆိုင်ရာကင်းလွတ်ခွင့်ရရှိပါမည်။
• တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ ABE နှင့် HND အဆင့်မြင့်ဒီပလိုမာအောင်မြင်ပြီးသူများ နောက်ဆုံးနှစ်သို့ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။
သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။
• Chartered Institute of Marketing UK (CIM)
• The Association of International Accountants UK (AIA)
• The Association of Chartered Certified Accountants UK (ACCA)
ENROLL NOW
ဘွဲ့ကြို/ဘွဲ့လွန်သင်တန်းအားလုံး သတ်မှတ် IELTS မရှိပါက STIMU တွင် အင်္ဂလိပ်စာသင်တန်းတက်ရောက်ရပါမည်။
Block-10, MICT Park, လှိုင်တက္ကသိုလ်၊ ရန်ကုန်။ Ph: 507151/52, 377988, 09 250064451

ဖိတ်ကြားအပ်ပါသည်
G.T.I ကျောင်းသားဟောင်းများအသင်းမှ ကြီးမှူးကျင်းပမည့် အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲနှင့် G.T.I နှစ်(၁၂၀)ပြည့် အခမ်းအနားကို ၁၂-၁၂-၂၀၁၅ရက် နံနက် ၈း၃၀နာရီတွင် အင်းစိန် G.T.I ကျောင်းဝင်း၊ ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ပါသည်။ ထိုအခမ်းအနားသို့ တက်ရောက်နိုင်ရန်အတွက် G.T.I ကျောင်းအသီးသီးမှ အောင်မြင်ခဲ့ကြသော အသက်(၈၀)နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ် သို့ ဆက်သွယ်စာရင်းပေးတက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြား အပ်ပါသည်။
ဦးခင်ဇေ(ရုံးအဖွဲ့မှူး)
G.T.I ကျောင်းသားဟောင်းများအသင်း
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(တတိယထပ်)၊
တက္ကသိုလ်များလှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၁၉၈၆၃၊ ၀၉-၈၆၂၆၈၈၅။
အလုပ်အမှုဆောင်အဖွဲ့




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (ဓော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**



## သားငယ်သမီးငယ်တို့အတွက်ဗုဒ္ဓဘာသာသိသင့်ရာ(၂)

လင်းသက်ခိုင်ရေးသားပြုစုသည့် သားငယ်သမီးငယ်တို့အတွက် ဗုဒ္ဓဘာသာ သိသင့်ရာ (၂)စာအုပ်တွင် ဗောဓိကိုင်းကိုချိုးယူမိလျှင် အပြစ်ဖြစ်ပါသလား။ သံဃာတော်များသည် လူဒါယကာ၊ ဒါယိကာမတို့အိမ်တွင် တည်းခိုအိပ်စက်၍ ရပါသလား။ ကွယ်လွန်သွားသူအတွက် ခုနစ်ရက်လည်လျှင် ဆွမ်းသွတ်သည်ကို ရှင်းပြပါ။ မြတ်စွာဘုရား ရုပ်ပွားတော် များအား ရေလောင်းသပ္ပာယ်ခြင်းသည် ကောင်းမြတ်သော ကုသိုလ်ရပါသလားစသည့် အမေးအဖြေများကို သရုပ်ဖော် ပန်းချီများဖြင့် ရှင်းလင်းဖြေကြားထားသည်။

ဗုဒ္ဓဘာသာဝင် သားငယ်သမီးငယ်များ လိမ္မာယဉ်ကျေးစေရန်နှင့် ဗုဒ္ဓဘာသာနှင့် ပတ်သက်သော သိကောင်းစရာ အဖြာဖြာကို လေ့လာသိမှတ်နိုင်ရန် ဆေးရောင်စုံပန်းချီသရုပ်ဖော်ပုံများဖြင့် ရေးသားဖော်ပြထားသည့် ဓမ္မလမ်းညွှန် ပုံပြစာအုပ်ဖြစ်သည်။

စာအုပ်ကို စာပေနန်းတော် အမှတ် (၁၃၈/၁၄၀)ပထမထပ်၊ ပန်းဆိုးတန်းလမ်းနှင့် ဗဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉ ၂၆၀၂၄၅၂၂၄ ကတန်ဖိုးငွေကျပ်၁၃၀၀ဖြင့် ဖြန့်ချိထားသည်။



## ကျန်းမာရေးအသိ အတိုအထွာများ

စန္ဒီ (Artist)ရေးသားပြုစုထားသည့် ဘာဘာညာညာ သိကောင်း စရာကျန်းမာရေးအသိ အတိုအထွာများစာအုပ်တွင် ကျားမမရွေး၊ လူကြီးလူငယ်မရွေးသိထားသင့်သော ရောဂါလက္ခဏာများ၊ ကျန်းမာရေး နှင့် ပတ်သက်သော အလေ့အထ အဆိုးအကောင်း၊ သတိမူဂရုစိုက် လိုက်နာသင့်သော အချက်များ၊ ကျန်းမာရေးအစားအစာ ကုထုံးနှင့် အိမ်တွင်းဆေးမြီးတိုများကိုပါ ပြည့်စုံစွာထည့်သွင်းဖော်ပြထားသည်။

အာရောဂျံ ပရမံ လာဘံဟူသော စကားအရ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးပင်ဖြစ်သည်။ သို့ဖြစ်၍ မိမိနှင့် မိမိ၏ မိသားစုအသက်ရှည်ကျန်းမာပျော်ရွှင်ရေး ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ကျန်းမာဖွံ့ဖြိုးရေးအတွက် ကျန်းမာရေးဆိုင်ရာ အသိပညာများ၊ ဗဟုသုတများ၊ ရှောင်ရန် ဆောင်ရန်များကို အထူးသိမှတ် ဖတ်ရှုလေ့လာသင့်သည်။

စာအုပ်ကို စာပေနန်းတော် အမှတ် (၁၃၈/၁၄၀)ပထမထပ်၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉ ၂၆၀၂၄၅၂၂၄ ကတန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိထားသည်။




## လှိုင်သင်း၏ 'ဂရိကရသောအမွေ' တတိယတွဲထွက်ပြီ

"ဝီလ်ဒူးရန့်"ရေးသား၍ "လှိုင်သင်း"ဘာသာပြန်သော "လူ့ယဉ်ကျေးမှု သမိုင်း"၊ "ဂရိကရသောအမွေ"(၃)တွဲ၏ "တတိယ တွဲ"ထွက်ရှိလာ ပြီဖြစ်သည်။

ဒမော့ခရစီ ဘိုးအေကြီး ဂရိကျင့်သုံးခဲ့သော ဒမော့ခရစီနှင့် ခေတ်ပြိုင် အာဏာရှင်စနစ်များနှင့် တော်လှန်ရေးများ၊ ဂရိပေးခဲ့သော "အမွေ" များဖြစ်သည့် ဂရိစာပေ၊ ဂီတနှင့် ပြဇာတ်များ၊ ဂရိပန်းချီ၊ ပန်းပု၊ ရုပ်တုပညာ နှင့် ဗိသုကာပညာများ၊ ဂရိတွေးခေါ်ပညာရှင်ကြီးများနှင့် ဂရိဒဿနများ၊ ဂရိသိပ္ပံပညာနှင့် ဂရိဆေးပညာ၊ အိုလင်းပစ်ပွဲတော်နှင့် ဂရိအားကစား၊ "ထရွိုင်းမှ ဟယ်လင်"အပါအဝင် ဂရိရှေးဟောင်းဒဏ္ဍာရီများ၊ ဂရိယုံကြည် ကိုးကွယ်မှုနှင့် အယူသီးမှုများနှင့် ပါးရှန်-ဂရိစစ်ပွဲကြီးအပါအဝင် သမိုင်းဝင် စစ်ပွဲပေါင်းများစွာအကြောင်းကို ဖတ်ရှုရမည်ဖြစ်သည်။

အဆိုပါ စာအုပ်ကို "ကံ့ကော်ဦးမွန်"စာပေ၊ ခြံအမှတ် ၁(စီ)။ သာယာအေးလမ်းသွယ်(၁)၊ မရမ်းကုန်း ဖုန်း ၀၁-၉၆၆၀၀၂၀၊ ၀၁-၉၆၆၆၃၃၅နှင့် "ညီစာပေ"၊ ၇၁ လမ်း(၂၉×၃၀)ကြား၊ မန္တလေး။ ဖုန်း ၀၂-၇၄၄၁၈၊ ၀၂-၇၄၇၆၄က တန်ဖိုးငွေကျပ် ၈၀၀၀ ကျပ်ဖြင့် ဖြန့်ချိထားသည်။




## သဒ္ဒါနည်းကျအင်္ဂလိပ်စကားပြောအမှတ်(၂)

အောင်နိုင်သူအယ်ဒီတာအဖွဲ့မှ စီစဉ်သည့် သဒ္ဒါနည်းကျ အင်္ဂလိပ်စကားပြော အမှတ်(၂) စာအုပ် ထွက်ရှိလာသည်။ ကလေးများဖတ်ချင်စဖွယ် လွယ်လွယ် ကူကူ ရှင်းရှင်းလင်းလင်း ပုံစံဖြင့် တတ်မြောက်သွားစေရန် ရည်ရွယ်ထားသည်။ အင်္ဂလိပ်စာအရေး၊ အဖတ်၊ အပြော၊ နားထောင်မှုစွမ်းရည် တိုးတက်စေရန်အတွက် သဒ္ဒါနည်းကျ အင်္ဂလိပ် စကားပြော အမှတ် (၂) အနေဖြင့် ဖန်တီးထားခြင်းဖြစ် သည်။ အခြေခံမှစ အဆင့်မြင့်အထိ အပိုင်းများခွဲ၍ ထုတ်ဝေပေးထားသည်။ အသံထွက် စီဒီခွေပါ အထူးထည့်သွင်းပေးထားသည်။ ကလေးရှိသော အိမ်တိုင်း ဆောင်ထားသင့်သော စာအုပ်ကောင်း၊ လက်ဆောင်ပေးသင့်သော စာအုပ် တစ်အုပ်ဖြစ်သည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ် (၂၁၇) ပထမ ထပ် (ဝဲ) (၃၉) လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၃၉၂၈၃၅မှ တန်ဖိုး ငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိထားသည်။

ရွှေသျှိ
အာကာထွန်းအပြည့်ပြည့်ဆိုင်ရာခရီးသွားလုပ်ငန်း
ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
25 Jan, 13 Feb, 29 Feb, 19 March, 9 April
၂၀၁၅-၂၀၁၆ သီတင်းကျွတ်နှင့်တန်ဆောင်မုန်းလ၊ ဒီဇင်ဘာ..., ... ဗုဒ္ဓဂယာ (၁၄-ညအိပ် ၁၅ ရက်)ဘုရားဖူးခရီးစဉ်များကို အကောင်းဆုံး ဝန်ဆောင်မှုတို့ဖြင့် ပို့ဆောင် ပေးမည်ဖြစ်ပါသည်၊ လိုက်ပါမည့်သူများ (၂)လကြိုတင်၍ စာရင်းပေးသွင်းနိုင်ပြီ ဖြစ်ပါသည်၊ နိုင်ငံကူးလက်မှတ်ရှိသူများ ၃၀၀၀၀/- လျှော့ပေးမည်ဖြစ်ပါသည်၊ ယခင်နှစ်များကလိုက်ပါ ခဲ့ကြသော ဘုရားဖူးမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါကြောင်း
ဒေါ်နီနီဝင်း (ရွှေမိုးပရိဘောဂတိုက်)
အမှတ် ၁၀၅ (ရွှေမိုးပရိဘောဂတိုက်) သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန်ဖုန်း ၀၁-၅၄၆၈၂၀ ၊ ၀၉-၅၀၂၁၁၉၂ ၊ ၀၉-၅၀၃၁၆၉၄

AMAZING DREAMS TRAVELS & TOURS
ဒီဇင်ဘာလ ပျော်ရွှင်ဖွယ်ရာ ပြည်ပ ခရီးစဉ်များ
ဘန်ကောက် - ပတ္တရား (၅ညခရက်) Dec 23 , 24 , 26
ကမ္ဘောဒီးယား Dec 24 | ချင်းမိုင် Dec 25 | ဘန်ကောက် - ဖူးခက် Dec 22 | ဂျပန် Dec 23
ဗီယက်နမ် Dec 23 | စင်ကာပူ Dec 26 | ကိုရီးယား Dec 22 | မော်လ်ဒိုက် | ဘာလီ
ဟန်နီမွန်း နှင့် သီးသန့် သွားချင်သူများအတွက် အနည်းဆုံး (၂) ယောက်မှ စ၍ Group များအထိ စီစဉ်ပေးပါသည်
အမှတ်(၈၈) ၊ ဗဟိုလမ်း ၊ စမ်းချောင်း ၊ ရန်ကုန် ၊ ဖုန်း - 01 534072 , 01 2302068 , 09 5113271

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗွီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁)-အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး။ ရွှေဂုံတိုင်ဟိုတယ်ဘေး။ ဗဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂)-တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗညားဒလလမ်း။
Ph : 09-5425251, 09-73225484

နှစ်ပတ်လည်အစည်းအဝေးများ ဖိတ်ကြားခြင်း
မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း(MPEA)၊ မြန်မာနိုင်ငံ ကဏန်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါးရှဉ့်လုပ်ငန်းရှင်များအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။
ကျင်းပမည့်နေ့ရက် - ၁၉-၁၂-၂၀၁၅ရက် (စနေနေ့)
ကျင်းပမည့်အချိန် - ၁၇း၃၀နာရီ
ကျင်းပမည့်နေရာ - INYALAKE HOTEL, 37Kaba Aye Pagoda Road,Yangon
အလုပ်အမှုဆောင်အဖွဲ့



# (၉၅) နှစ်မြောက် အမျိုးသားနေ့အခမ်းအနားများ မြို့နယ်များအလိုက်ကျင်းပ

**ကနီ**

(၉၅)နှစ် မြောက်အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့အခြေခံပညာအထက်တန်းကျောင်း ပညာဇွဲမာန်ခန်းမ၌ကျင်းပ ခဲ့-ပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော (၉၅) နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ယင်းမာပင်ခရိုင် အုပ်ချုပ်ရေးမှူးက ဖတ်ကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

**မိုးကောင်း**

(၉၅) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို မိုးကောင်းမြို့ အ. ထ. က (၁) ကျောင်းခန်းမ၌ ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီက ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းက ဖတ်ကြားခဲ့သည်။

**သန်းလွင်ဦး(မိုးကောင်းပြန်/ဆက်)**

**နတ်တလင်း**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့မ အခြေခံပညာအထက်တန်းကျောင်းတွင် ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီက (၉၅) နှစ်မြောက် အမျိုးသားနေ့အတွက် နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းနုက ဖတ်ကြားခဲ့သည်။ **(ဝ၇၁)**

**ရေး**

မွန်ပြည်နယ် ရေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ဒီဇင်ဘာ ၆ ရက် နံနက် ၈ နာရီက (၉၅)နှစ်မြောက် အမျိုးသားနေ့အခမ်းအနား ကျင်းပခဲ့သည်။ ရှေးဦးစွာ အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်ကဖတ်ကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

**လှိုင်လင်**

၂၀၁၅ ခုနှစ် (၉၅)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို လှိုင်လင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် နံနက် ၉ နာရီက ကျင်းပခဲ့ပြီး အခမ်းအနားတွင်နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှပေးပို့သော (၉၅) နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာအား လှိုင်လင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်က ဖတ်ကြားခဲ့သည်။

**မိုးလွင်ဦး(လှိုင်လင်)**

**ဆင်ပေါင်ဝဲ**

ဆင်ပေါင်ဝဲမြို့တွင် (၉၅) နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီက မြို့နယ်အခြေခံပညာအထက်တန်းကျောင်း ရန်အောင်မြေခန်းမ၌ ကျင်းပခဲ့သည်။အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၉၅) နှစ်မြောက်အမျိုးသားနေ့သဝဏ်လွှာအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းက ဖတ်ကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

**မြို့သစ်**

မကွေးခရိုင် မြို့သစ်မြို့နယ်တွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင်ကျရောက်သော (၉၅)နှစ်မြောက်အမျိုးသားနေ့ အခမ်းအနားကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမတွင် ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှပေးပို့သောသဝဏ်လွှာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်က ဖတ်ကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

**ပေါင်**

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့၌ (၉၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီက ဇင်းကျိုက်မြို့ အ. ထ. က ဇင်းကျိုက် (ရတနာမွန်ခန်းမ) တွင်ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က ဖတ်ကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

**ဘီးလင်း**

ဘီးလင်းမြို့နယ်တွင် (၉၅)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၇ နာရီက ဘီးလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာ့အားမာန်ခန်းမ၌ ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော (၉၅) နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ဘီးလင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က ဖတ်ကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

**ကျွန်းလှ**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ (၉၅)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၈ နာရီက အ. ထ. က ကျွန်းလှခန်းမတွင် ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းက သဝဏ်လွှာကိုဖတ်ကြားခဲ့သည်။ **မျိုးဝင်းညို(ကျွန်းလှ)**

**ညောင်ဦး**

ညောင်ဦးတွင် (၉၅) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ပြုလုပ်ခဲ့ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ၉၅ နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာအား ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က ဖတ်ကြားခဲ့သည်။

**ရဲသူရအောင်(ညောင်ဦး)**

**စစ်ကိုင်း**

(၉၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီ က စစ်ကိုင်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြမဥ္ဇူခန်းမ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သည့် (၉၅) နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးထွန်းက ဖတ်ကြားခဲ့သည်။

**မျိုးဝင်း(စစ်ကိုင်း)**

**ရန်ကုန်**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်တွင် (၉၅)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၇ နာရီက အလုံမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော (၉၅) နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က ဖတ်ကြားခဲ့သည်။

**ကိုတင်မောင်ဦး(အလုံ)**

**ညောင်ရွှေ**

(၉၅) နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၇ နာရီက ညောင်ရွှေမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် (၉၅) နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှက ဖတ်ကြားခဲ့သည်။ **(နေမျိုးသူရိန်)**

**ဘူးသီးတောင်**

(၉၅)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ဘူးသီးတောင်မြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ဒီဇင်ဘာ ၆ ရက် နံနက် ၈ နာရီက ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှပေးပို့သည့် (၉၅)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းရွှေက ဖတ်ကြားခဲ့သည်။ **ဇော်နိုင်ထွန်း** (IPRD)

**တမူး**

ဒီဇင်ဘာ ၆ ရက်နေ့၌ကျရောက်သော (၉၅)နှစ်မြောက်အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီက တမူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းခဲ့ရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှပေးပို့သော (၉၅)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို တမူးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကိုယ်စား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင့်ဝေကဖတ်ကြားခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

**တောင်ကြီး**

(၉၅)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပခဲ့သည်။ **မောင်မောင်သန်း(တောင်ကြီး)**

**အများသိစေရန်**

ဒေါ်သန္တာဝင်းနှင့် ဦးဝင်းသိန်းတို့သည် ရန်ကုန်(အနောက်ပိုင်း)ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၄၈၄/၁၃အမှုတွင် ၂၀-၁၀-၂၀၁၅ရက်စွဲပါ အမိန့်ဒီကရီအရ လင်မယားအဖြစ် ကွာရှင်းပြတ်စဲခွင့်ရရှိပြီးဖြစ်၍ ဒေါ်သန္တာဝင်းနှင့် ဦးဝင်းသိန်းတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး လုံးဝသက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန္တာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင် **B.A(Law), LL.B**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၁)
အမှတ်(၅၆၁)၊ ပထမထပ်၊ အခန်း(၄)၊ **M.A.C.Tower**
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**တောင်ကြီးမြို့ရှိ အဝေးပြေး ကမ္ဘောဇ ဘီအမ်အသင်းပိုင်ဂိတ် ဥပစာအား ရောင်းချမည်ဖြစ်ကြောင်း ယာဉ်ပိုင်ရှင်အားလုံးနှင့် အများသိစေရန်ကြေညာခြင်း**

တောင်ကြီးမြို့၊ အဝေးပြေး ကမ္ဘောဇဘီအမ်အသင်းမှ ယာဉ်ပိုင်ရှင်အများစု၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

၂၇-၉-၂၀၁၅ရက်က ကျင်းပပြုလုပ်ခဲ့သော ကမ္ဘောဇခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး အဝေးပြေးလုပ်ငန်းအသင်းမှ ယာဉ်ပိုင်ရှင်အများစု ပါဝင်ဆွေးနွေးခဲ့ကြသော အစည်းအဝေးတွင် ယာဉ်ပိုင်ရှင်အများစု၏ သဘောတူဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ကမ္ဘောဇဘီအမ်အသင်းပိုင် တောင်ကြီးပင်မဂိတ်ဥပစာအား ရောင်းချရန်အတွက် ယာဉ်ပိုင်ရှင်အများစုက သဘောတူကတိပြု မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ပါသည်။ အဆိုပါဥပစာကို ရောင်းချပြီးနောက် ယာဉ်ပိုင်ရှင်များအား အချိုးကျခွဲဝေမည်ဖြစ်ကြောင်း ယာဉ်ပိုင်ရှင်များအားလုံးနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

ရောင်းချမည့် ကမ္ဘောဇဘီအမ်(ပင်မဂိတ်)ဥပစာ

တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ အကွက်အမှတ်-၁၆၊ အကွက်အမည်-မင်းကျောင်းရပ်၊ မြေကွက်အမှတ်(၁၀၆/၁၂၅)၊ ဦးပိုင်အမှတ်(၅၂-ប)၊ ဧရိယာ(၀. ၁၀၃)ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်များ

(ဂရန်တွင် ပိုင်ရှင်အမည်မှာ-ဥက္ကဋ္ဌ အဝေးပြေးကမ္ဘောဇဘီအမ်အသင်းဟု)ပါရှိပါသည်။

**ယာဉ်ပိုင်ရှင်အများစု၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်ထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၂၂/၁၉၉၈)**
**အမှတ်(၃၁-ဃ)၊ နယ်မြေ(၇)၊ ဝန်ကြီးလမ်းခွဲ(၂)**
**ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့။**




100% သံချေးမတက်သည့် Stainless Steel ဘလိတ်ဓားသွားဆူးကြိုးများကို
စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ 15%Discount
ဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အရောင်းခန်းမ(၁) - အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ (နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph : 01-545531,01-8603141,09-5008161
အရောင်းခန်းမ(၂) - အမှတ်(၃၆/A)၊ ပြည်လမ်းမ (၉)မိုင်၊ မရမ်းကုန်း။
Ph : 01-656521, 09-421024731, 09-421024741
အရောင်းခန်းမ(၃) - အဆောင်(၁၁၇)၊ အခန်း(၅)၊ ကျောက်မီးသွေး(၆)လမ်း ကမ္ဘာ့ရတနာဘက်ဘောစော်ဘွားကြီးကုန်းကားဝင်း အင်းစိန်မြို့နယ်။
Ph:01-642748, 09-421024711,09-421024811

## မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်းများမှ ကလေးငယ်များ၏ ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၇**

နေပြည်တော် ဒက္ခိဏခရိုင်အတွင်းရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်းများမှ ကလေးငယ်များ၏ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီက ဒက္ခိဏခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံးတွင် ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ဒက္ခိဏခရိုင်အတွင်းရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်းအသီးသီးမှ ကလေးငယ်လေးများက ကဗျာရွတ်ဆိုခြင်း၊ ပုံပြောခြင်းနှင့် တေးသရုပ်ဖော်အကများဖြင့် ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်ကြသည့် ကလေးငယ်များအား နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မိမိစိုး၊ ဒက္ခိဏခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြသီနှင့် မြို့နယ်အသီးသီးမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရွှေကုက္ကို**

## န္ဒားထိုးကြီးမြို့ရှိ ကျူရှင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ အမှိုက်ကောက်ခြင်းဆောင်ရွက်

**န္ဒားထိုးကြီး ဒီဇင်ဘာ ၇**

န္ဒားထိုးကြီးမြို့ပေါ် ၈ ရပ်ကွက်ရှိ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်း ၁၉ ကျောင်းမှ တာဝန်ခံဆရာကြီး၊ ဆရာမကြီးများဦးဆောင်၍ ဒီဇင်ဘာ ၆ ရက် အမျိုးသားနေ့တွင် ကျောင်းဝန်းကျင် သန့်ရှင်းရေးအတွက် အမှိုက်ကောက်ခြင်းများကို တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ကြသည်။

အလားတူ အမှိုက်ကောက်လုပ်ငန်းကို မြို့နယ်စည်ပင်ကော်မတီမှ ဦးစီး၍ ဈေးပိတ် ဥပုသ်နေ့က ဈေးသူ၊ ဈေးသားများ စုပေါင်းအမှိုက်ကောက်ပွဲကျင်းပခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **ခင်ဇာမွန်မြင့်(ဥပဒေ)**

## မိုးနှောင်းချည်မျှင်ရှည်ဝါစံပြကွင်းပြပွဲပြုလုပ်

**မြောင် ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့တောင်ရပ်ကွက် ကွင်းအမှတ် ၂၆၇ တွင်စိုက်ပျိုးထားသော မိုးနှောင်းချည်မျှင်ရှည်ဝါရွှေတောင်(၈)၊ငွေချည်(၉)ကွင်းပြပွဲနှင့်ဝါစိုက်တောင်သူများနှင့် ဆွေးနွေးပွဲကို ဒီဇင်ဘာ ၃ ရက်က တောင်သူဦးအောင်ငွေ၏ဝါစိုက်ခင်းတွင်ပြုလုပ်သည်။

အခမ်းအနားတွင် စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ) ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဦးက မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ပျိုးနည်းစနစ်များကိုရှင်းလင်းပြောကြားသည်။ ထို့နောက် ဝါစိုက်တောင်သူဦးအောင်ငွေက သဘာဝမြေဩဇာသုံးစွဲမှုနှင့် ဓာတ်မြေဩဇာသုံးစွဲမှုကိုစနစ်တကျအသုံးပြုခဲ့ပြီးလိုအပ်သည့်ပိုးသတ်ဆေးနှင့် ရွက်ဖြန်းမြေဩဇာများအသုံးပြုခြင်းနည်းစနစ်ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)ဝန်ထမ်းများထံအကူအညီများတောင်းခံခြင်းကြောင့် ယခုကဲ့သို့အောင်မြင်ဖြစ်ထွန်းသည့် မိုးနှောင်းချည်မျှင်ရှည် ဝါများစိုက်ပျိုးလာနိုင်ပြီးခန့်မှန်းတစ်ဧကအထွက်နှုန်းရွှေတောင်(၈)မျိုးက ၁၁၃၄ ပိဿာနှင့်ငွေချည်ကိုးမျိုးက ၁၁၉၃ ပိဿာထွက်ရှိမည်ဟုခန့်မှန်းထားကြောင်းသိရသည်။ **တင်ကိုကို(မြောင်)**

# ကျောက်ပျဉ်ပြုလုပ်ရန် ကုန်ကြမ်းထုတ်လုပ်သူများ ဈေးကွက်ကျယ်ပြန့်လာခြင်းကြောင့် စီးပွားရေးအဆင်ပြေ

**ကန့်ဘလူ ဒီဇင်ဘာ ၇**

ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့ကျေးရွာတွင် ကျောက်ပျဉ်လုပ်ငန်းကို အဓိကအားထားလုပ်ကိုင်ရာမှ ယခုအခါ ကုန်ကြမ်းထုတ်လုပ်သည့်ကျောက်ကြမ်းလုပ်ငန်းမှာ ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရှိလာသောကြောင့် ကျောက်ကြမ်းထုတ်လုပ်သည့်ဒေသခံများ စီးပွားရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခင်က မြန်မာနိုင်ငံတွင် ကျောက်ပျဉ်ထုတ်လုပ်မှုလုပ်ငန်း၌ နာမည်ကြီးခဲ့သည့် စစ်ကိုင်းမြို့နယ် ကျောက်တာကျေးရွာသည် မင်းဝံတောင်တန်းမှ ထွက်ရှိသည့် ကျောက်ကြမ်းဖြင့် ကျောက်ပျဉ်များထုတ်လုပ်ရောင်းချခဲ့ကြသည်။ ယခုအခါ ယင်းတောင်တန်းမှ ကျောက်ကြမ်းများကိုမရရှိတော့သဖြင့် ကျောက်တာကျေးရွာမှ ဒေသခံများသည် မန္တလေး-မြစ်ကြီးနားရထားလမ်းဘေးရှိ ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့ ဒေသမှထွက်ရှိသော ကျောက်ကြမ်းများကို ကုန်ကြမ်းအဖြစ် ဝယ်ယူလုပ်ကိုင်လာကြသည်။

ကျောက်ကြမ်းများသည် ကိုးတောင်ဘို့ကျေးရွာနှင့် နှစ်မိုင်ခန့်ဝေးသော ဓားသွေးကျောက်ချောင်း၊ တောင်ဘက်ခြမ်း၊ မြောက်ဘက်ခြမ်းဒေသအခေါ် သဖန်းလျှိုတောင်ကြော၌ အများဆုံးရှိကြောင်း၊ ကျောက်ကြမ်းထုတ်လုပ်ရန်အတွက် ကျောက်သားမြေကို အလျားပေ ၅၀၊ အနံပေ ၅၀ တိုင်းတာ၍ ငွေကျပ် ၂၅၀၀၀၀ ဖြင့်ဝယ်ယူကာ လုပ်ကိုင်ရကြောင်း၊ အထွက်နှုန်းကောင်းသည့် ကျောက်ကြမ်းနေရာများသည် အနည်းဆုံးချပ်ရေတစ်ထောင်ခန့်ထွက်ကြောင်း ကျောက်ကြမ်းထုတ်လုပ်သူများထံမှ သိရသည်။

**စိုင်းလှမင်း**






### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

**၂၀၁၅ခုနှစ်၊ တရားမကြီးအမှုအမှတ်-၁၄၂**

| | | |
|---|---|---|
| ဒေါ်အေးကြူ | နှင့် | ၁။ဒေါ်နှင်းဆီဦး |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမောင်အေး) | | ၂။ဦးမြင့်ကြည် |
| တရားလို | | တရားပြိုင်များ |

ဒေါ်နှင်းဆီဦး ၊ ဦးမြင့်ကြည်၊ အမှတ်(၂၃)၊ ဓမ္မသုခလမ်း၊ (၇)ရပ်ကွက်၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်နေသူ (ယခုနေရပ် လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်တွင် တရားလိုက ပဋိညာဉ်အတိုင်း အိမ်မြေအရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် တရားရုံးတော်၏ အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်လိုက်ပါ၍ဖြစ်စေ၊ ၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၁၈ရက် (၁၃၇၇ခုနှစ်၊ နတ်တော်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ပါတရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် ယင်းနေ့ရက်တွင် ရုံးရှေ့သို့ လာရောက်ရန် ပျက်ကွက်ပါက သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းများကိုလည်း သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ရှေ့နေထံ အပ်နှံပေးပို့ရမည်။ သင်သည် ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဇော်ဌေး

တွဲဖက်မြို့နယ်တရားသူကြီး၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး



# ပြောင်းနေလှန်းလုပ်ငန်းကြောင့် ဝင်ငွေကောင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိ



**မန္တလေး ဒီဇင်ဘာ ၇**

မန္တလေးစက်မှုဇုန်အနီး ပြောင်းလှန်းလုပ်ငန်းများကြောင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိလျက်ရှိရာ ကားတင်ကားချခြင်းများ၊ ပြောင်းနေလှန်းခြင်းများကို စုပေါင်းလုပ်ဆောင်ပြီး အချိုးကျ လုပ်အားခကို ခွဲဝေပေးခြင်းကြောင့် ပြောင်းလှန်းလုပ်ငန်းတွင်ပြီးစီးမှု၊ ခြောက်သွေ့မှုအလိုက် တစ်နေ့လျှင် လုပ်သားတစ်ဦးလျှင် အနည်းဆုံးလုပ်ခငွေကျပ်ရှစ်ထောင်မှ တစ်သောင်းကျော်အထိရရှိကြောင်း သိရသည်။

ပြောင်းလှန်းရာသီတွင် အခြားစက်ရုံများမှ နေ့စားလုပ်သားများသည်ပင် ပြောင်းလှန်းလုပ်ငန်းဘက်သို့ ကူးပြောင်းကာ လုပ်ကိုင်ကြသည်။ ပြောင်းရာသီတွင်အခြောက်ခံစက်များဖြင့်လည်း အခြောက်ခံသလို အများစုမှာ သဘာဝနေလှန်းခြင်းလုပ်ငန်းကို လူအင်အားများစွာဖြင့် ပြုလုပ်ကြသည်။ ပြောင်းလှန်းရာတွင် နံနက်ခင်း ၈ နာရီခန့်မှစကာ ပြောင်းလှမ်းကွင်းအတွင်း ပြောင်းများကို ဖြန့်ပေးထားပြီး မွန်းတည့်နေပူချိန်တွင် ခြေချောင်းထိုးကာ ဘက်လှန်ပေးရသည်။ ညနေပိုင်းတွင် လိုအပ်သောခြောက်သွေ့မှုရသွားပါက အိတ်များအတွင်းထည့်ကာ ဂိုဒေါင်အတွင်း ကားများဖြင့် ပို့ဆောင်ရသည်။

မန္တလေးမြို့စက်မှုဇုန်တစ်ဝိုက်တွင် မွေးမြူရေး အစာစက်ရုံများ တိုးချဲ့လုပ်ကိုင်လာကြသည်။ အထူးသဖြင့် ကြက်စာစက်ရုံများမှာ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာသည်။ အချို့သော နာမည်ကြီးကြက်စာစက်ရုံများမှာ ကြက်သားပေါက်လုပ်ငန်းများနှင့် တွဲဖက်လုပ်ကိုင်ကာ ကြက်သားပေါက်ပေးခြင်းမှသည် အစာဖြန့်ချိသည်အထိ ပူးတွဲလုပ်ကိုင်ကြသည်။

ကြက်စာစက်ရုံများအနေဖြင့် အဓိကကုန်ကြမ်းဖြစ်သော ပြောင်း၊ ဆန်ကွဲ၊ ငါးခြောက်၊ ဂျုံ၊ ဖွဲ့ကြမ်းနှင့် အခြားကုန်ကြမ်းပစ္စည်းများကိုများစွာ လှောင်ထားကြရသည်။ ကြက်စာစက်ရုံများ၏ အဓိကကုန်ကြမ်းဖြစ်သော ပြောင်းများကို ပြောင်းပေါ်ချိန် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် အများစုဝယ်ယူသိုလှောင်ကြသည်။ ကြက်စာစက်ရုံများသည် ပြောင်းကုန်ကြမ်းဝယ်ယူပြီးသည်နှင့် ဂိုဒေါင်အတွင်း နှစ်ပေါက်သိုလှောင်နိုင်ရန် အခြောက်လှမ်းသည့်လုပ်ငန်းကို လုပ်ကိုင်ကြသည်။

**တိမ်တမန်**

# ရွှေတောင်(၈)နှင့် ငွေချည်(၉) ချည်မျှင်ရှည်ဝါ စံပြကွက် ကွင်းပြပွဲ မြင်းမူ၌ ကျင်းပ

**မြင်းမူ ဒီဇင်ဘာ ၇**

အထူးအထွက်တိုးသည့် ဝါမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရန်အတွက် မိုးနှောင်း ရွှေတောင် (၈) နှင့် ငွေချည် (၉) ချည်မျှင်ရှည်ဝါ တောင်သူပညာပေး စံပြကွက် ကွင်းပြပွဲကို ဒီဇင်ဘာ ၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာ ကွင်းအမှတ်(၃၀၈) ဦးပိုင်အမှတ်(၂၇) ရှိ တောင်သူဦးစိုးဝင်း၏ ဝါစိုက်ခင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကွင်းပြပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးက အမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ) ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဦးနှင့် မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းတို့က ရွှေတောင် (၈) နှင့် ငွေချည် (၉) ချည်မျှင်ရှည်ဝါစိုက်ပျိုးခြင်းနှင့်စပ်လျဉ်း၍ တစ်ဧကချင်း အပင်ဝင်ဆံ့မှု၊ အထွက်နှုန်း၊ ဓာတ်မြေဩဇာအသုံးပြုမှုနှင့် ပိုးသတ်ဆေးအသုံးပြုမှုအခြေအနေတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တောင်သူများက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသည့် ရွှေတောင် (၈) နှင့် ငွေချည် (၉) ချည်မျှင်ရှည်ဝါစိုက်ခင်းအား ကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းနှင့် ဝန်ထမ်းများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ရွှေတောင် (၈) ချည်မျှင်ရှည်ဝါသည် တစ်ဧကလျှင် ပိဿာ၁၁၂၀ ခန့်နှင့် ငွေချည် (၉) ချည်မျှင်ရှည်ဝါသည် တစ်ဧကလျှင် ၁၀၇၅ ပိဿာ ခန့်ထွက်ရှိပြီး ဝါစိုက်တောင်သူများ ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) က စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မြင်းမူမြို့နယ်အနေဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဝါမျိုးစုံ ၂၀၈၈၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ**

# မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာ စွမ်းရည်ပြိုင်ပွဲကျင်းပ

**ချောင်းဆုံ နိုဝင်ဘာ ၇**

မြို့နယ်ပညာရေးဦးစီးဌာနမှ ဦးစီးကျင်းပသည့် အလယ်တန်း၊ မူလတန်းကျောင်းများမှ မြို့နယ်အဆင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် အင်္ဂလိပ်စာ၊ သင်္ချာ စွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်က ချောင်းဆုံ အ. ထ. က ကျောင်းတွင် ကျင်းပရာ အဆိုပါစွမ်းရည်ပြိုင်ပွဲကို မြို့နယ်အတွင်းရှိ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ဖြေဆိုသူ စုစုပေါင်း၃၅၁ ဦးရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကန့်ဘလူမြို့နယ်၌ မိုးစပါး စံကွက်ရိတ်သိမ်းပွဲကျင်းပ

**ကန့်ဘလူ ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာအရှေ့ ကွင်းအမှတ် (၅၆၉) ဦးပိုင် ၂၂ တောင်သူဦးစံမြ၏ ရွှေဝါထွန်းမိုးစပါးနှစ်ဧကတွင် ဒီဇင်ဘာ ၆ ရက် နံနက်က စံကွက်ရိတ်သိမ်းရာ သင့်တစ်ဧကအစိုထွက် ၇၅ ဒသမ ၇၈ တင်းထွက်ရှိကြောင်း သိရသည်။

အဆိုပါမိုးစပါးစံကွက်ရိတ်သိမ်းရာသို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်မြင့်နှင့် ဝန်ထမ်းများ၊ ကွင်းတာဝန်ခံများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး ဝန်ထမ်းငယ်များအား စံကွက်ရိတ်သိမ်းနည်း လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ကျေးရွာလယ်ယာမြေတွေမှာ မိုးကောင်းသောက်တွေဖြစ်ပါတယ်။ တောင်သူတွေကတော့ ရွှေဝါထွန်း၊ မာကျူရီနှင့် မနောသုခစပါးမျိုးများကို ရာသီဥတုအပေါ် လိုက်ပြီး စိုက်ပျိုးကြပါတယ်။ ဒီနှစ်သက်ငယ်စပါးမျိုးဖြစ်သည့် ရွှေဝါထွန်းမျိုးကို စိုက်ပျိုးရာ အရင်နှစ်ကထက် အထွက်ပိုနိုင်ပါတယ်” ဟု တောင်သူဦးပြားသောင်က ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



မိုးမြင့်ကြယ် ကားမျိုးစုံစင်းလုံးငှား ဆောင်ရွက်ပေးသည်။
X'mas & New Year အတွက် ချောင်းသာ Hotel, Guest အခန်းစီစဉ်ပေးသည်။

| ချောင်းသာ Hotel (ငြိမ်း) | ငွေဆောင် Hotel+ကား | ကျိုက်ထီးရိုး (ငြိမ်း) |
| --- | --- | --- |
| 40000/ 50000 | 50000 | 35000 |

01-549380,09-5093704,09-450012971

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)
❖ ချောင်းသာ/ငွေဆောင်(နေ့စဉ်)
ဟိုတယ်/ဝရိတ်ငြိမ်း စီစဉ်ပေးသည်။ ကားစီးလုံးငှားသည်။
Ph: 209077, 209388, 09-73167000, 09-73168000

ကိုဝင်းနိုင် ဒေါင်းမင်း 09425355758, 09255913926
▲ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ(နေ့စဉ်)▲ပြည်၊ ထုံးဘို၊ အကောက်တောင်(နေ့ချင်းပြန်)(စနေ)
▲ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကန်ချနာပူရီ၊ အယုဒ္ဓယ၊ ပတ္တရား၊ ဗန်ကောက်(၈)ရက်→ Dec 24, Jan1
▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံ့လုံ၊ ကက္ကူ၊ ထမ့်စမ်း(၄)ရက် ▲လွိုင်ကော်ပါ(၅)ရက်
▲မန္တလေးဘုရားစုံ၊ ကျောက်စိမ်းဘုရား၊ ပြင်ဦးလွင်(၃)ရက်
▲ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင် (၃)ရက်
အဆင့်မြင့်ဟိုတယ်တည်း စားသောက်ဆိုင်ကျွေး 65000 တားစီးလုံးငှား စီစဉ်ပေးသည်

Topsyne® HERBAL CREAM
ပန်းပွင့်ပုံဘူးအသစ်တစ်မျိုးတည်းအတွက်သာ
အရည်အသွေးမြင့် ဘူးဒီဇိုင်းအသစ်
သုံးစွဲသူများ အတွက် အထူး ကံစမ်းမဲ
( 15.5.2015 - 15.3.2016 )
1,000,000 ကျပ် (1) ဆု
400,000 ကျပ် (2) ဆု
300,000 ကျပ် (2) ဆု
100,000 ကျပ် (5) ဆု
50,000 ကျပ် (10) ဆု
20,000 ကျပ် (20) ဆု




မျက်နှာအသားအရေ၏ အစိုဓာတ်ကို ကြာရှည်ထိန်းပေးထားနိုင်စွမ်း ရှိသောကြောင့် ရေရှည်သုံးစွဲပေးပါက အရေးအကြောင်းဖြစ်ခြင်း၊ ချွေးပေါက်ကျယ်ခြင်းကို ကာကွယ်ပေးနိုင်၍ ရှိရင်းစွဲအရွယ်ထက် နုပျိုစေနိုင်ပါသည်။ နေရောင်ခြည်ဒဏ်ကို နှစ်ဆ ကာကွယ်ပေးနိုင်၍ တင်းတိတ်၊ မှဲ့ခြောက်ဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။ လိမ်းထားစဉ် မိတ်ကပ်လိမ်းထားမှန်း မသိသာဘဲ သဘာဝအလှအတိုင်း ဝင်းပနေစေပြီး အဆီပြန်ခြင်း ကင်းစေပါသည်။

Apple Production Co., Ltd. - ( 09 ) 86 180 81 , 49 316 408

23 မဆလာ (ဟင်းခတ်အမွှေးအကြိုင်)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ကဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။
အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ အမှတ်(၉၉၆)၊ ဦးလင်းလမ်းဟုခေါ်တွင်သော အလျား ၄၂ ပေ× အနံ ပေ ၆၀ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်ဆက်စပ်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချနိုင်သည်ဟု ပြောဆို၍ စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဦးအောင်လွင်ဦး (ဘ) ဦးထိန်လင်း[၁၂/ဥကမ(နိုင်)၀၇၂၉၉၈]ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်အတွင်း ကန့်ကွက်ခြင်းတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ကြည်ကြည်ဇင်
[၁၂/တမန(နိုင်)၀၅၀၂၈၅]
ဖုန်း-၀၉-၄၂၁၀၇၃၈၅၆

ကြော်ငြာ


VAC® VALUE ADDED CONSULTANCY

မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားကုမ္ပဏီများမှ အလုပ်တွေခေါ်နေပြီ

**Job Openings for Foreign Firms**

**Head Of Department** - Foreign Bank - USD 4000 (1)
- Any Grad , 7yrs Exp On Relevant Field ( Prefer Banking Field ) , English 4 Skills

**Deputy Manager** - Foreign Bank - USD 2500 (1)
- Any Grad , 7yrs Exp On Relevant Field ( Prefer Banking Field ) , English 4 Skills

**Sr Associate** - Foreign Bank - USD 900 (1)
- Any Grad , 3yrs Exp On Relevant Field ( Prefer Banking Field ) , English 4 Skills

**Head Of Mobile Financial Service** - Telecom Co (1)
-10yrs Exp In Financial Services / Sales Distribution Channel,5yrs Exp In Sr.Management Role

**Legal Team Manager - Sr Staff** - Telecom Co (5)
- Exp On Relevant Field , Careful , Strict , Accurate & Logical Caracter , Fluent English

**Corporate Affairs Team Manager - Sr Staff** - Telecom Co (5)
- Exp In Working for Public Relation,CSR,NGO, Good Communication Skills, Fluent English

**Human Resources Director** - Int'l Microfinance Co (1)
- Storng Exp in HR Managerial Field, Able to Set Up HR Dept in New Organization;

**Head Of Legal & Compliance** - Int'l Microfinance Co (1)
-Law Degree,4yrs Exp in Compliance Managerial Position, Pre in Banking Or Finance Institute

**Head Of Risk** - Int'l Microfinance Co (1)
- 3yrs Exp in Credit Risks Management , Extensive Knowledge In Risk Management Process

**Anti - Fraud Manager** - Int'l Microfinance Co (1)
-5yrs Exp in Companying,Financial Institutions,Knowledge In Anti-Fraud Manage Processes

**IT Manager** - USD 1000 - Int'l Microfinance Co (1)
- Any IT Degree, High Exp Admin Skills of Windows 7/8, Linux, Exp CRM System & Server;

**Sr iOS Mobile Developer** - Japan Co - USD 600 M/F(1)
- B.C.Sc / Any Grad , 3yrs Exp On Relevant Field

E-mail ဖြင့်အလုပ်လျှောက်နိုင်သည်၊ CVကိုMicroSoft Word File ဖြင့်ပို့ပါ။

များပြားသောအလုပ်အကိုင်အခွင့်အလမ်းများ ⟹ Like Value Added Consultancy

No.118, 6th Floor,23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com

Ph: 01-395921, 01-395922, 09-73022727, 09-5102094



အာရှနဂါး

Asia Dragon ကျိုက်ထီးရိုး

ချောင်းသာ/ငွေဆောင်

Ph: 01 707062, 09 799100100
01 703790, 09 797100100



Modern Myanmar Travels

ဘာသာမိုးလုံးကွာ ဘာထူးတော့မှာလဲ

| | Hotel Package |
|---|---|
| + တောင်ကြီး၊အင်းလေး၊မွေတော်ကကူ။ | 120000 |
| + မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ | 120000 |
| + ပုဂံ၊ ပုပ္ပါး၊ ရွှေတော်လေးဆူ၊ ပခုက္ကူ။ | 120000 |
| + ထားဝယ်ရှင်ကိုးရှင်၊ မြိတ်၊ မောင်းမကန် | 180000 |

ကျိုက်ထီးရိုး 10000
ချောင်းသာ Guest 35000, Hotel 50000
ငွေဆောင် Hotel 52000
Dec 11,18,24 Jan1

၂၃၆၊ ၃၉လမ်း(အထက်)၊ ကျောက်တံတား 09-450047016,09-253540004



POPULAR STAR

ဒီဇင်ဘာလ ပြည်တွင်းခရီးစဉ်

တောင်ကြီး - အင်းလေး - ပင်းတယ
ကလော - ထမ်းဆမ်း - ရွှေတော် DEC 24 (၄ည/၅ရက် - ၁.၄သိန်း)

ပုဂံ ( ရွှေတော်လေးဆူ ) - ပုပ္ပါး - ပခုက္ကူ JAN 1 (၃ည/၄ရက် - ၉သောင်း)

Yutong / Scania, 3 Star Hotel , Restaurants 6 persons 50 % off, 11 persons 1 FOC

လိပ်စာ - အမှတ်(၇၄)နဲ့သာလမ်း အလုံမြို့နယ်၊ရန်ကုန်။ Ph: 01 2301866, 09-5129134, 09786516520


## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်
## အဆင့်မြင့်လက်ဝတ်ရတနာအရောင်းဆိုင် လျှောက်လွှာများခေါ်ယူခြင်း

(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

၁။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် အသင်းဝင်/အသင်းသားများ လျှောက်ထား နိုင်ပါရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

(က) ဆိုင်ခန်းတည်နေရာ - မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမ (မြေညီထပ်) အမှတ်(၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

(ခ) ဆိုင်ခန်းအကျယ်အဝန်း - အလျား ၁၃ ပေ×အနံ ၁၂ပေ×အမြင့် ၉ ပေ

(ဂ) ဆိုင်ခန်းငှားရမ်းခ - တစ်လလျှင် ကျပ်(၅)သိန်း

(ဃ) လျှောက်လွှာစတင် လက်ခံမည့်နေ့ - ၁၀-၁၂-၂၀၁၅ ရက်

(င) လျှောက်လွှာ ပိတ်သိမ်းမည့်နေ့ - ၂၂-၁-၂၀၁၆ ရက် (၁၆း၀၀)နာရီ (သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ)

(စ) လျှောက်လွှာထုတ်ယူရန်နှင့် တင်သွင်းရန်နေရာ - မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းချုပ်(ရန်ကုန်)

၂။ လျှောက်လွှာပုံစံများကို ၁၀-၁၂-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

၃။ ရတနာဆိုင်အငှားလျှောက်ထားသည့် ကုမ္ပဏီ/အသင်း/ပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်တွင် အသင်းဝင်ထားပြီးသူများ ဖြစ်ရပါမည်။

၄။ လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တု၊ ရုပ်ထွင်းများရောင်းချခြင်းလိုင်စင်ရှိသူများ ဖြစ်ရပါမည်။

၅။ သိရှိလိုသောအချက်အလက်များကို ရန်ကုန် ဖုန်း(၀၁-၆၆၃၁၁၉၊ ၀၁ ၆၅၈၁၄၉၊ ၀၁ ၆၅၈၁၅၀)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်




**GOLDEN STAR** ခရီးသွားလုပ်ငန်း
ဂျာမနီ နိုင်ငံထုတ် MAN အဆင့်မြင့် ကားများဖြင့် ...
◆ ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 705968, 703448

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770







# မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ၊ ဗိုလ်မှူးမင်းညွန့်(ငြိမ်း)-ဒေါ်လှမြင့်ကြည် [ဒုတိယ ညွှန်ကြားရေးမှူး(ငြိမ်း)၊ပြည်ထောင်စုရှေ့နေချုပ်ရုံး] တို့၏ သားကြီး

**ဗိုလ်မှူးကျော်ဇော်ဇော်**

**B.A(History) (D.S.A), P.G.D.A.A, M.P.A(Thesis)**

နှင့်

ရန်ကုန်မြို့နေ၊ ဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)-ဒေါ်အေးအေးသန်းတို့၏တစ်ဦးတည်းသောသမီး

**မယုသန္တာမြင့်**

**Bachelor of Fashion Design (Raffles College of Design and Commerce, Australia), Raffles Design Institute in Singapore**

တို့၏ ၁၈-၁၁-၂၀၁၅ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေအားလည်းကောင်း၊ ၁၉-၁၁-၂၀၁၅ ရက်တွင် ဒဂုံမြို့နယ်၊ ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်တွင် ကျင်းပသည့် မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၁-၁၁-၂၀၁၅ ရက်တွင် NOVOTEL Yangon Max Hotel (Yangon Ballroom) ၌ ကျင်းပသည့် မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘများ၏ ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်ဖြစ်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲကြီးကို ကူညီဆောင်ရွက်ပေးပါသော ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်တေးသီဆိုချီးမြှင့်ပေးသော တေးသံရှင် ဒေါ်ရီရီသန့်၊ Cupid Music Band ၊ မင်္ဂလာပန်းကြဲပေးပါသော သမီးငယ်လေး မအေးစုဆွေမြင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးသော မအင်ကြင်းခိုင်၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးသော မသီရိဝင်း၊ သတို့သားအရံများဖြစ်သော ဗိုလ်မှူးရဲမင်းမြတ်၊ ဗိုလ်မှူးရန်နိုင်အောင်၊ သတို့သမီးအရံများဖြစ်ကြသော မစုသွယ်သောင်းချို၊ မခိုင်သဇင်ထွန်းတို့အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာဆင်မြန်းပေးပါသော ကာတီယာစိန်တိုက်မှ ဒေါ်သင်းသင်းခိုင်နှင့် ဒေါက်တာဦးအောင်ဌေးတို့ မောင်နှမအားလည်းကောင်း၊ မိတ်ကပ်၊ ဆံပင်နှင့် ပန်းအလှပြင် မိတ်ကပ် လင်းလင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ မဇူဇူ(Zu Zu Collection)၊ ဓာတ်ပုံနှင့်ဗီဒီယို ဓာတ်ပုံဦးပီတာ၊ ဦးပီတာမင်းဆက် (The Bridal Garden) နှင့် အဖွဲ့၊ Cupid Video အဖွဲ့၊ မင်္ဂလာဖိတ်စာ အောင်ကျော်သိန်းပုံနှိပ်တိုက်၊ NOVOTEL Yangon Max Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးကျော်ဇော်ဇော်-မယုသန္တာမြင့်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-6/F၊ မြေကွက်အမှတ်-22/B ၊ ဧရိယာ (၀. ၀၃၄)ဧက၊ မြေကွက်တည်နေရာအမှတ်-၃၁/အေ၊ မဟာသုခိတာလမ်း၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် (ဒေါ်ခင်မမ)[၁၂/အစန(နိုင်)၁၀၄၃၃၁](D/RGN- ၀၀၆၅၈၃)၊ ဒေါ်ခင်မလေး[၁၂/အစန(နိုင်)၀၁၆၆၇၁] (D/RGN ၀၀၉၁၆၇) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက်တစ်ဦး ဒေါ်ခင်မလေး(ကွယ်လွန်)သဖြင့် ဦးဘိုနီ [၁၂/မဂတ(နိုင်)၀၁၆၆၇၄]က ခင်ပွန်းတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းနှင့် ကျန်အမည်ပေါက် ဒေါ်ခင်မမထံမှ ကိုယ်စား လှယ်လွှဲစာ-၁၂၁၃၂ (၂၅-၁၁-၁၅) တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## မန္တလေးတိုင်းဒေသကြီး နိုင်ငံတကာအဆင့်မြင့် ကျောက်စိမ်းနှင့် တွင်းထွက်ကျောက်မျက်ရတနာဈေး (၃)ထပ်ခွဲ Shop House လူနေဆိုင်ခန်းများရောင်းချခြင်း

**ဆိုင်ခန်း ဝယ်ယူသူများ၏ အဆိုပြုချက်အရ နောက်ဆုံးငွေပေးသွင်းမည့်ရက်ကို (18.12.2015) ရက်နေ့ထိ ထပ်မံတိုးမြှင့်ကြောင်း ကြေငြာခြင်း**

၁။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်ရှာမြင်းမှုးကျေးရွာအုပ်စုအတွင်း တည်ဆောက်နေသော နိုင်ငံတကာအဆင့်မြင့် ကျောက်စိမ်းနှင့် တွင်းထွက်ကျောက်မျက်ရတနာဈေးဆိုင်ခန်းများ ရောင်းချရေးအတွက် (၁) အောင်ကောင်းကျော် ဆောက်လုပ်ရေးကုမ္ပဏီ (၂) ရတနာမြိုင် ဆောက်လုပ်ရေးကုမ္ပဏီ (၃) တော်ဝင်မြန်မာ ဆောက်လုပ်ရေးကုမ္ပဏီ (၄) ယူနိုက်တက်ရှိုင်ရယ်အာရှ ဆောက်လုပ်ရေးကုမ္ပဏီ (၅) တက်လမ်း ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်တို့၏ Marketing Department သည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ ဆိုင်ခန်းစာရင်းသွင်းပုံစံ (Slip) ရရှိထားသည့်ပိုင်ရှင်များသည် ဆိုင်ခန်းများရောင်းချရေး (Marketing Department) သို့ (၂၂.၁၁.၂၀၁၅) မှ (၁၈.၁၂.၂၀၁၅) ရက်နေ့ထိ နံနက် (၉)နာရီ မှ ညနေ (၆) နာရီအတွင်း လာရောက် ဆက်သွယ်ရပါမည်။ Marketing Department မှ ရောင်းချရေးဌာနတွင် သတ်မှတ်ထားသော စည်းကမ်းချက်များအား ဖတ်ရှုပြီး သဘောတူပါက စည်းကမ်းချက်တွင် လက်မှတ်ရေးထိုးရပါမည်။ စည်းကမ်းချက်များကို သဘောတူပြီး လက်မှတ် ရေးထိုးသူများကို "ဘဏ်ငွေသွင်းခွင့်ချလံ" ထုတ်ပေးပါမည်။

**" Shop House လူနေဆိုင်ခန်း စလစ်ပြား ရယူထားသူများအနေဖြင့် (၁၈.၁၂.၂၀၁၅) ရက်နေ့ထိ နောက်ဆုံးထား၍ ကြိုတင်ငွေပေးသွင်းမှု မရှိပါက Shop House လူနေဆိုင်ခန်း ဝယ်ယူရန် အဆိုပြုထားသော စလစ်ပြားပိုင်ရှင်များအား ဆိုင်ခန်းဝယ်ယူခွင့် ပယ်ဖျက်ပြီး ဖြစ်ပါသည်။ "**

၃။ Shop House လူနေဆိုင်ခန်း အကျယ်အဝန်း (20'x 30') (၃)ထပ်ခွဲအတွက် ကြိုတင်ငွေ (Deposit) ကျပ်သိန်း (၅၀၀) နှင့် (30'x 35') (၃) ထပ်ခွဲအတွက် ကြိုတင်ငွေ (Deposit) ကျပ်သိန်း (၈၀၀) ကို (၂၂.၁၁.၂၀၁၅) မှ (၁၈.၁၂.၂၀၁၅) ရက် အထိ နောက်ဆုံးထား ပေးသွင်းရပါမည်။

**မြန်မာနိုင်ငံအတွင်းကျောက်စိမ်းနှင့်ကျောက်မျက်ရောင်းဝယ်သူများ၊ ကျောက်စိမ်းနှင့်ကျောက်မျက်ဆက်စပ်သည့် လုပ်ငန်းရှင်များ၊ ကျောက်စိမ်းနှင့်ကျောက်မျက်ရောင်းဝယ်ရန် စိတ်ဝင်စားသူများသည် ယခုကြော်ငြာပါသည့်နေ့မှစ၍ Marketing Department အရောင်းဌာနသို့ စာရင်းပေးသွင်းနိုင်ပါသည်။**

၄။ စာရင်းပေးသွင်းပြီး ကြိုတင်ငွေများကို (၁၈.၁၂.၂၀၁၅)ရက်နေ့ နောက်ဆုံးထားပေးသွင်းရပါမည်။ (၁၉.၁၂.၂၀၁၅)ရက်နေ့၊ နံနက် (၉) နာရီမှစတင်၍ ငွေပေးသွင်းပြီးသူများထံမှ (အဆိုပြုပုံစံရယူထားသူများ)ကို ဦးစားပေးမဲစနစ်ဖြင့် ရောင်းချပေးပါမည်။ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ သတ်မှတ်ဈေးနှုန်း အတိုင်း (၂၀.၁၂.၂၀၁၅) ရက်နေ့ နံနက် (၉)နာရီတွင် ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်။ ဝယ်ယူသူများပြား၍ မဲမပေါက်သူများကို (၂၂.၁၂.၂၀၁၅) ရက်နေ့မှ စတင်ပြီး ကြိုတင်ငွေများကို ပြန်လည်ထုတ်ပေးပါမည်။

သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး။

စုံစမ်းရန်ဌာန

- ❖ သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း - 02 24963
- ❖ တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ Marketing Department ၊ ကျောက်စိမ်းဘုရားအနီး၊ စစ်ကိုင်း-မြစ်ငယ်ကားလမ်းဘေး။

ဖုန်း - 09 792727372 , 09 792727375 , 09 792727376 , 09 792727378 , 09 792727379

http://www.facebook.com/JadeandGemModernMarketComplex သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

Hot Line No-0930500100



# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကျင်းပ
# ကျောက်မျက်ရိုင်း ၁၅၂ တွဲနှင့် ကျောက်စိမ်းအသားကျောက် ၆၈၂၆ တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချမည်

စာမျက်နှာ » ၁၀

## မြန်မာနိုင်ငံ၏ အကြီးဆုံးဓာတ်အားပေးစက်ရုံ မြင်းခြံခရိုင်၌တည်ဆောက်နေ

**နေပြည်တော် ဒီဇင်ဘာ ၇**

စင်ကာပူနိုင်ငံအခြေစိုက် အာရှကုမ္ပဏီတစ်ခုဖြစ်သည့် Sembcorp သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ တန်ဖိုးရှိ ဓာတ်အားပေးစက်ရုံတွင် ရင်းနှီးမြှုပ်နှံရန်အတွက် မြန်မာနိုင်ငံနှင့် သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုလိုက်ပြီဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်တွင် တည်ရှိသည့် ၂၂၅ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည့် အဆိုပါ ဓာတ်အားပေးစက်ရုံသည် မြန်မာနိုင်ငံ၏ အကြီးဆုံးဓာတ်အားပေးစက်ရုံဖြစ်လာမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးသွားပါက မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း Sembcorp က ပြောကြားခဲ့သည်။

၂၂၅ မဂ္ဂါဝပ်ထုတ်လုပ်ပေးနိုင်မည့် မြန်မာနိုင်ငံ၏ အကြီးဆုံးဓာတ်အားပေးစက်ရုံစီမံကိန်းအကောင်အထည်ဖော်ရန်နှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ်အုပ်စု၏ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က အကြံပြုခဲ့ခြင်းဖြစ်ပြီး အဆိုပါစီမံကိန်းတွင် Sembcorp က ၈၀ ရာခိုင်နှုန်း ရရှိမည်ဖြစ်ကာ ကျန်ရှိသည့် ၂၀ ရာခိုင်နှုန်းကို မြန်မာနိုင်ငံက ရရှိမည်ဖြစ်ကြောင်းသိရသည်။

(ငွေကြယ်)



## ရသစုံခံစားနိုင်မည့်ဓာတ်ပုံအနုပညာပြပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

ဓာတ်ပုံဝါသနာကြီးသူ ၄၈ဦးတို့သည် မြန်မာနိုင်ငံအတွင်းရှိ ရှုခင်းများ၊ တိုင်းရင်းသားလူမျိုးစုပုံများ၊ ပွဲတော်များအကြောင်းတို့ကို ဆန်းသစ်သောဓာတ်ပုံနည်းစနစ်များဖြင့် ရိုက်ကူးထားသည့် ၂၀လက်မ× ၃၀လက်မအရွယ် အရည်အသွေးမြင့် ဓာတ်ပုံပေါင်း ၁၂၇ ပုံကို ပြသသွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

ယင်းပြပွဲကို Dynamic Digital Photography Training School မှ သင်တန်းဆင်းများ၏ ဒုတိယအကြိမ်မြောက် ဓာတ်ပုံအနုပညာပြပွဲဖြစ်ပြီး ပြပွဲကို ဒီဇင်ဘာ ၁၈ရက်မှ ၂၁ရက်အထိ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ် အလုံလမ်း (နက္ခတ်တာရာပြခန်းအနီး)ရှိ The Yangon Gallery ၌ ကျင်းပသွားမည်ဖြစ်၍ ဓာတ်ပုံအနုပညာချစ်မြတ်နိုးသူများ မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ထိုပြပွဲဖြစ်မြောက်ရေးအတွက် Gold Sponsor အဖြစ် DFM Car Showroom, Hello Cab နှင့် Myanmar Winson ကုမ္ပဏီ၊ Silver Sponsor အဖြစ် Three Swallows Construction Co.Ltd၊ Bronze Sponsor အဖြစ် See & Feel Art Gallery တို့က ပံ့ပိုးကူညီပေးထားပြီး ယမန်နှစ်ဒီဇင်ဘာလတွင် ပြုလုပ်ခဲ့သောပြပွဲမှ ရောင်းရငွေ ၅၀ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၄၉သိန်းကျော်ကို လူမှုရေးအသင်းသုံးခုသို့ခွဲဝေလှူဒါန်းခဲ့ပြီး ယခုနှစ် ပြပွဲမှ ရောင်းရငွေ ၅၀ရာခိုင်နှုန်းကိုလည်း လူမှုရေးအသင်းများသို့ ခွဲဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

### ယနေ့ ကြေးမုံ ဖတ်စရာ

ဆိုမာလီယာနိုင်ငံတွင် လူပေါင်း ၁၄၅၂၀၀ ခန့် ရေကြီးမှုဒဏ်ခံနေရ

စာမျက်နှာ » ၄

ခန့်မှန်းချက်တွေ ကောင်းမွန်မှ ကြိုတင်သတိပေးချက်စနစ် ကောင်းမွန်ပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုတွေ ပိုမိုဆောင်ရွက်နိုင်မည်

စာမျက်နှာ » ၅

စက်လှေဝယ်ယူ ကိုင်ဆောင်သူများကြောင့် ကျေးလက်ဒေသများတွင် သစ်ပင်ကြီးများ လျော့နည်းလာ

စာမျက်နှာ » ၁၁

ချန်ပီယံလိဂ် (၁၆) သင်း လမ်းကြောင်းပေါ် ဘယ်အသင်းတွေ တက်ရောက်လာဦးမလဲ

စာမျက်နှာ » ၁၃

themirror.npt@gmail.com
www.facebook.com/themirrordaily




၂၀၁၅ တက္ကသိုလ်ဝင်တန်း TopTen ဂုဏ်ထူးရှင် မွေးထုတ်ပေးသော...
သဲ့သန်းနိုင် တည်ထောင်သည့် ကိုယ်ပိုင်အထက်တန်းကျောင်း
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာမလိုတော့ပါ။
ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[Grade 11 Grade 10 Grade 9,8,7,6 ]
ferry
၂၀၁၆ - ၂၀၁၇
ကျောင်းအပ် လက်ခံပါပြီ
အဆင့်မြင့် ဘော်ဒါ
ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
FORWARD အဆင့်မြင့်တသင်ဝိုင်း
Grade 10,11 (တက္ကသိုလ်ဝင်တန်း)
Grade 11
Grade 9
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726
ကိုယ်ပိုင်အထက်တန်းကျောင်း(သို့) အဆင့်မြင့် ဘော်ဒါ (သို့) အဆင့်မြင့် တသင်ဝိုင်း

